စိတ်ကူးချိုချိုအနုပညာ

ဆရာလင်းယုန်မောင်မောင်ရဲ့
တိမ်မြုပ်နေသော
အစောပိုင်းဘာသာပြန်လက်ရာမွန်

# လင်းယုန်မောင်မောင်

# သတင်းစာဆရာမ

## The New Proof Reader

Victor Avdeyev

ANNIVERSARY 18 YEARS
SEIKKU CHO CHO
PUBLISHING HOUSE
Since 1999



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ဤ ''သတင်းစာဆရာမ'' မှာ ဆိုဗီယက် စာရေးဆရာ မစ်တာ အက်ဖ်ဒေးယက်ဖ်၏ THE NEW PROOF READER. ဝတ္ထုကို မူရင်းအတိုင်း ပြန်ဆိုထားခြင်းဖြစ်သည်။

မစ်တာ အက်ဖ်ဒေးယက်သည် မြန်မာစာ ဘတ်ပရိသတ်အဖို့ စာရေးဆရာအသစ်တဦးပင်ဖြစ်၍မထင်ရှားလှသေးသော်လည်း၊ဆိုဗီယက်စာပေလောကတွင်မူ လွန်ခဲ့သော ၂၅ နှစ်ခန့်မှစ၍ ထင်ရှားကျော်ကြားခါ ၁၉၄၇-ခုနှစ်က စတာလင်ဆုကိုပင် ရယူဆွတ်ခူးခဲ့သည့် စာရေးဆရာကြီး တဦးပင်ဖြစ်သည်။

ဤဝတ္ထုကိုဘတ်ရှုရခြင်းအားဖြင့် ကွဲပြားခြားနားလှသည့် လူ့သဘာဝ စိတ်နေသဘောထားများကို ရိုပ်စားမိနိုင်ရုံမျှမက ယနေ့ဆိုရှယ်လစ်စနစ်အောက်မှာပင်လျှင် ဆိုဗီယက်ပြည်သူများအဖို့ အမှန်တရားအတွက် ဆင်နွှဲနေကြရသော ဘဝတိုက်ပွဲ၏ တပိုင်းစတကိုသော်၎င်း၊ဆိုဗီယက်သတင်းစာလောက၏ တစိပ်တဒေသကိုသော်၎င်း၊ တွေ့မြင် သိရှိနိုင်ကြလိမ့်မည်ဟု ယုံကြည် မျှော်လင့်ပါသည်။



မြဝတီစာပေကော်မတီ

lym0008

2,000.00 KS

mgyoe.com

mgyoe.com

သတင်းစာဆရာမ၊ လင်းယုန်မောင်မောင်
စာမျက်နှာ ၁၅၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၈ မြို့မစာနယ်ဇင်းဖြန့်ချိရေးဌာန၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# သတင်းစာဆရာမ

# The New Proof Reader

**Victor Avdeyev**

## လင်းယုန်မောင်မောင်

မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မြို့မစာပေကော်မတီ၏ အမှာ

ဤ "သတင်းစာဆရာ" မှာ ဆိုဗီယက် စာရေးဆရာဗစ်တာ အယ်ဖ်ဒေးယက်ဖ်၏ THE NEW PROOF READER ဝတ္ထုကို မူရင်း အတိုင်း ပြန်ဆိုထားခြင်းဖြစ်သည်။

ဗစ်တာအယ်ဖ်ဒေးယက်ဖ်သည် မြန်မာစာဖတ်ပရိသတ်အဖို့ စာရေးဆရာအသစ်တစ်ဦးပင်ဖြစ်၍ မထင်ရှားလှသေးသော်လည်း ဆိုဗီယက်စာပေလောကတွင်မူ လွန်ခဲ့သော ၂၅ နှစ်ခန့်မှစ၍ ထင်ရှား ကျော်ကြားကာ ၁၉၄၇ ခုနှစ်က စတာလင်ဆုကိုပင် ရယူဆွတ်ခူးခဲ့သည့် စာရေးဆရာကြီးတစ်ဦးပင်ဖြစ်သည်။

ဤဝတ္ထုကို ဖတ်ရှုရခြင်းအားဖြင့် ကွဲပြားခြားနားလှသည့် လူ့ သဘာဝစိတ်နေသဘောထားများကို ရိပ်စားမိနိုင်ရုံမျှမက ယနေ့ ဆိုရှယ်လစ် စနစ်အောက်မှာပင်လျှင် ဆိုဗီယက်ပြည်သူများအဖို့ အမှန်တရားအတွက် ဆင်နွှဲနေကြရသော ဘဝတိုက်ပွဲ၏ တစ်ပိုင်းတစ်စကိုသော်လည်းကောင်း၊ ဆိုဗီယက်သတင်းစာလောက၏ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တွေ့မြင်သိရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

မြို့မစာပေကော်မတီ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သတင်းစာ ဆရာမ

## (၁)

စိုထိုင်းသောလေနှင့် မြူခိုးတို့သည် နောက်ဆုံးကြွင်းကျန်နေသော နှင်းပွင့်များကိုလွင့်ပါးသွားအောင် တိုက်ခတ်ပစ်လိုက်လေသည်။ မြေပြင်ကို ဖုံးလွှမ်းနေသော နှင်းခဲများမှာ အရည်ပျော်ကာ စီးဆင်းသွား၍ မိုးမခပင်များ၏ ညိုမည်းမာကြောသော အညှောက်များ ပေါ်ထွက်လာကြလေသည်။ ဘော်လ်ရှိယဲယူဂိုနီဒေသ၏နောက်ကျောဘက်မှ အရိုးပြိုင်းပြိုင်းထနေသော သစ်တောများမှာလည်း ခါ့ငှက်များ၏ ဖို-မ ခေါ်သံကလေးများဖြင့် အသက်ပြန်ဝင်လာခဲ့လေသည်။ ဤအချိန်မှာပင် တောအုပ်၏ အစွန်အဖျားရှိ တောင်ပူစာကလေးပေါ်တွင် မြင်းခွာပန်းကလေးများသည်လည်း ဖျော့တော့ရွှေဝါရောင်ဖြင့် ဖူးပွင့်စပြုကြလေပြီ။

မတ်လကုန်ဆုံးသည့် နေ့တစ်နေ့တွင် ထိုအရပ်မှ စာသင်ကျောင်းတွင် ရုရှားစာပေသင်ပေးနေသော ကျောင်းဆရာဖြစ်သူ မာဇ်ဟာရောဗ်သည် "လယ်သမားသမာဓိ" သတင်းစာတိုက်ရှိ အယ်ဒီတာရုံးခန်းသို့ ရောက်လာခဲ့လေသည်။ အရပ်ရှည်ရှည်၊ ပါးအို့နိနိ မိန်းကလေးဆန်ဆန် မျက်တောင်ကော့ကော့နှင့် အသက်ငယ်ရွယ်လှသေးသဖြင့် သူ့ကို

mgyoe.com

mgyoe.com


တစ်နယ်လုံးကပင် ဗာ့စ်ယာဟု ချစ်စနိုးခေါ်ကြသည်။ သူ စကားပြော လျှင်လည်း ဘယ်အကြောင်းအရာကိုမဆို သေရေး၊ ရှင်ရေးကိစ္စတစ်ခုခုကို ပြောနေသလို အရေးတကြီးထားကာ အသက်မရှူဘဲ ဖိုခါလှိုက်ခါ ပြောလေ့ရှိပေသည်။

"အပတ်ဆဲ့ဗ် . . . နောက်ဆုံး ကျွန်တော်တော့ ခင်ဗျားကို မိအောင်ဖမ်းရတော့တာပဲဗျို့"

မာဇ်ဟာရောဗ်သည် အယ်ဒီတာဖြစ်သူက တကယ်ပင် သူနှင့် လွတ်အောင်တိမ်းရှောင်နေသကဲ့သို့ ရုံးခန်းအဝင်မှလှမ်း၍ အော်ပြော လိုက်သည်။ ပြောပြောဆိုဆိုနှင့်ပင် ရုံးခန်းထဲဝင်လာရင်း သူ့အကျႌအိတ် ထဲမှ "လယ်သမားသမာဓိ" သတင်းစာတစ်စောင်ကိုထုတ်ကာ လက်နှင့် ခပ်ပြင်းပြင်းကလေးပုတ်ပြ၍ ပါးစပ်မှလည်း တောက်လျှောက်ကြီး ပြောချလိုက်သည်။

"ခင်ဗျားတို့ သတင်းစာဆရာတွေဟာ ဘာတွေ လျှောက်လုပ်နေ ကြတာလဲဗျ၊ ကြည့်စမ်းပါဦး၊ ခင်ဗျားတို့လုပ်တာ သေသပ်ရဲ့လားလို့ နည်းနည်းကလေးမှ မသေသပ်ဘူး၊ ခင်ဗျားတို့ဟာ ယူဂိုနီမှာ ရယ်စရာ သတ္တဝါတွေဖြစ်နေကြပြီ။ ကျွန်တော်တို့လို ကျောင်းဆရာလုပ်တဲ့ လူတွေဟာ ခင်ဗျားတို့အတွက် သိပ်ရှက်တာပဲဗျာ"

"နေစမ်းပါဦး၊ ဗာ့စ်ယာ၊ မင်းဟာက ဘယ်လိုဖြစ်လာရတာတုန်း"

အပတ်ဆဲ့ဗ်သည် ခပ်ငေါ့ငေါ့လေသံဖြင့် ကြားဖြတ်ဝင်ပြောကာ သူ့မျက်နှာအပေါ်မှာ ကျွဲကော်ကိုင်းမျက်မှန်ကို ပြင်တပ်လိုက်သည်။ အယ်ဒီတာ အပတ်ဆဲ့ဗ်မှာ ဆံပင်များ ထိုးထိုးထောင်ထောင်နှင့်ဖြစ်နေ၍ ဆံပင်ညှပ်ဆိုင်မှ ထွက်လာခဲ့သည့်တိုင်အောင် မုတ်ဆိတ်မွေးများထပ်ရိပ်ရန် လိုနေသေးသူတစ်ယောက်လို မသေမသပ်ဖြစ်နေသည်။ သို့သော် အဝတ် အစားမှာမူ ဝတ်နေကျအတိုင်း ပုံကျပန်းကျ ချုပ်ထားသော စစ်ဗိုလ်များ ဝတ်သည့် ကျူးနစ်အကျႌအဟောင်းကို ဆုတံဆိပ်ဘားတန်းအရှည်များ တပ်၍ ဝတ်ထားသည်ကို တွေ့ရပြီး၊ ထင်းရှူးသားနှင့်လုပ်ထားသော ဆေးတံမှ မီးခိုးများကိုလည်း ဖူးခနဲ ပါးစပ်မှ မှုတ်ထုတ်လိုက်သေးသည်။

"ဘယ်လိုဖြစ်ရမှာလဲဗျ" မာ့ဇ်ဟာရော့ဗ်သည် သတင်းစာကို

mgyoe.com

mgyoe.com

တစ်ခါထပ်၍ လက်ဝါးနှင့်ပုတ်ရင်း သူ့မျက်နှာမှာ ပို၍ နီလာလေသည်။

"ဒီမှာ မမြင်ဘူးလား၊ မှားနေတာတွေ၊ ကျွန်တော့်တပည့်တွေက ဒီသမာဓိသတင်းစာကို ဘယ်လိုလုပ်တယ်ဆိုတာ ခင်ဗျားတို့သိရဲ့လား၊ သူတို့အနေနဲ့ ဒီသတင်းစာကို ဝယ်တာက ဘာအမှားပါသလဲဆိုတာ ရှာကြည့်ရအောင် ဝယ်ဖတ်ကြတာဗျ၊ ဒါဟာ သူတို့အတွက် ပျော်စရာ အလုပ်တစ်ခုလို့ သဘောထားနေကြတယ်။ တကယ်ပါပဲ၊ အပတ်ဆဲ့ဇ်၊ ခင်ဗျားတို့ အယ်ဒီတာတွေမှာ ဂုဏ်ယူစရာဆိုလို့ ရှိသေးရဲ့လား၊ ဘယ်မလဲ၊ ခင်ဗျားတို့စာပြင်ဆရာ၊ ဒီအတိုင်းဆိုရင် သူ့အနေနဲ့ သဒ္ဒါ ပြန်သင်ဖို့ လိုသေးတယ်။ ဒီမှာဗျာ. . . ခင်ဗျားကိုယ်တိုင် ကြည့်စမ်းပါဦး"

သူသည် ပြောပြောဆိုဆိုနှင့်ပင် သတင်းစာကို စားပွဲပေါ်တွင် ဖြန့်ပြလိုက်ရာ စာရွက်များ တချွတ်ချွတ် မြည်သွားလေသည်။ သတင်းစာ ပေါ်တွင် အမှားအယွင်းများကို မင်အနီအပြာတို့ဖြင့် အောက်မှ မျဉ်းသား ထားရာ၊ ကျောင်းသားကလေးတစ်ယောက်၏ လေ့ကျင့်ခန်းစာအုပ်လို ဖြစ်နေသည်ကို တွေ့ရပေသည်။

ရုံးခန်းတစ်ခုလုံးမှာ ငြိမ်ကျသွားလေသည်။ အယ်ဒီတာရော၊ စာပေရေးရာဆောင်းပါးရှင်ရော၊ ငွေကိုင်စာရေးကြီးပါ တစ်ယောက်မကျန် အားလုံးတို့သည် အခန်းတွင်းရှိတစ်နေရာဆီသို့ တစ်ပြိုင်နက် လှမ်းကြည့် ကြလေသည်။ ထိုနေရာတွင် ပြတင်းပေါက်အနီး ခုံတစ်ခု၌ အမွေးနု ခြုံတဘက်ဖြူကလေးကို ခြုံထားသော မိန်းမတစ်ယောက် ပြင်ချက်များ ဖတ်နေသည်ကို တွေ့ရပေသည်။ သူမ၏ နုနယ်သော ပါးအို့ကလေး တစ်ခုလုံးမှာ ကြက်သွေးရောင်များ ဖြာသွားလေသည်။ ကလောင်တံ ကိုင်ထားသော လက်ကလေးမှာလည်း တုန်နေ၍ ကလောင်ဖျားမှ မင်များပင် သီး၍ကျနေလေသည်။

မာ့ဇ်ဟာရော့ဗ်သည် ရုတ်တရက် ခပ်ကြောင်ကြောင်ဖြစ်ကာ တန့်သွားလေသည်။

"ဗာ့စ်ယာ၊ ကိုယ့်အခန်းထဲလိုက်ခဲ့ပါဦး" ဟူ၍ အပတ်ဆဲ့ဇ်က ကျောင်းဆရာ၏ပခုံးကိုကိုင်ရင်း ပြောလိုက်သည်။

"မင်းဟာက ရေနွေးကရားဆူကာနီး အော်သလို အော်နေတာပဲ

mgyoe.com

mgyoe.com


ကိုးကွ၊ ဒါပေမယ့် တကယ် ရေနွေးဆူလာပြီလားဆိုတော့ မဆူသေးပါဘူးကွာ ဟုတ်လား"

နောက်တစ်နေ့ထုတ်မည့် လယ်သမား သမာဓိသတင်းစာ စာရွက်များမှာ အယ်ဒီတာ၏စားပွဲပေါ်တွင် စုပုံရောက်ရှိနေလေသည်။ အုပ်ချုပ်မှုဆိုင်ရာအတွင်းရေးမှူးဖြစ်သူ ယူရိကလိမစ်ချ်ဇာဗ်ယာလော့ဗ်သည် ပြင်ချက်များကို သေသပ်စွာနှင့် တစ်ကြောင်းပြီးတစ်ကြောင်း စာပြင်နေလေသည်။ သတင်းစာကို မကြာခဏဆိုသလို သူကပင် အပြီးသတ်အောင် ကိုင်ပေးရလေ့ရှိပေသည်။ အပတ်ဆဲ့ဗ်မှာ တစ်ခါတစ်ရံ ခရိုင်ပါတီကော်မတီ အစည်းအဝေးတက်နေရ၍ဖြစ်စေ၊ အလုပ်သမားအဖွဲ့ခေါင်းဆောင်များ၏ သင်တန်းများသို့ သွားရောက်ဟောပြောနေရ၍ဖြစ်စေ၊ ဒါမှမဟုတ်လျှင် နိုင်ငံရေးနှင့် စီးပွားရေးလှုပ်ရှားမှုတိုက်ပွဲများအတွက် နယ်ထွက်နေရ၍ဖြစ်စေ၊ သတင်းစာကို ပြန်မကြည့်နိုင်အောင် ဖြစ်နေတတ်ပေသည်။

"ခင်ဗျားတို့ စာပြင်ဆရာအသစ်ရနေပြီပေါ့ ဟုတ်လား"

မာ့ဇ်ဟာရော့ဗ်သည် ရုံးခန်းမကြီးဘက်သို့ လှည့်ကြည့်ကာ ခေါင်းကို ဆတ်လိုက်ရင်း ခပ်တိုးတိုးမေးလိုက်သည်။ "အဲဟို ခြုံတဘက်အဖြူကလေးနဲ့ မိန်းကလေးက ဘယ်သူလဲဗျ. . . ကျွန်တော် လုံးလုံး မသိပါလား. . . သူ့ပညာအရည်အချင်းက ဘယ်လောက်ရှိသလဲ"

အပတ်ဆဲ့ဗ်က ဆေးတံကိုဖွာ၍ ပါးစပ်ထဲမှ မီးခိုးတန်းရှည်ကြီးကို ထုတ်လိုက်ပြီးမှ မာ့ဇ်ဟာရော့ဗ်ကို ပြန်ဖြေသည်။

"သူ့ပညာအရည်အချင်းကတော့ အလယ်တန်း အောင်ပြီးပြီကွ၊ မင်းကတော့ ဘယ်နှတန်းများ အောင်ထားလို့လဲ၊ မင်းဟာက ငါးစိမ်းသည်မလို အော်တာတော့ သိပ်ရိုင်းတယ်ကွ၊ ကိုယ့်လူရာ ဒီမှ တစ်ခုခက်နေတာက တို့စာပြင်ဆရာမဟာ ကျောင်းကထွက်တာကြာတော့ ထုံးစံအတိုင်း နည်းနည်းမေ့ကုန်တာလည်းရှိတာပေါ့ကွာ ဟုတ်လား၊ အမှားတွေပါနေတာကတော့ အဲဒါကြောင့်ပဲကွ"

"သူ့ကြည့်ရတာတော့ သိပ်ဆိုးပုံမရပါဘူး" မာ့ဇ်ဟာရော့ဗ်က ပြောလိုက်ပြီးမှ တစ်ဖန် သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေသဖြင့် ကျွန်တော့်

mgyoe.com

mgyoe.com


တော့ သူ့ကို ယူဂိုနီမှာ တစ်ခါမှ မတွေ့ဖူးဘူးထင်တာပဲ။ ဘယ့်နဲ့လဲ တောကပဲလား"

"ဟုတ်ပါတယ်ကွ၊ သူလည်း ငါ့လို တောကပါပဲ၊ တစ်ခုပဲ၊ သူနဲ့ ငါနဲ့ကွာတာက ငါက ဒီရောက်တာ နှစ်လကျော်လောက်ရှိသွားပြီ၊ နာတာလ်ယာကတော့ ဒွန်မြစ်ကမ်းခြေက ဒီကို မကြာခင်ကမှ ရောက်လာတာကွ၊ သူ့အစ်ကိုက ဒီက သမဝါယမတစ်ခုမှာ အလုပ် လုပ်တယ်။ ပြီးတော့ သူ့ခမြာ သူ့ယောက်ျားက စစ်အတွင်းတုန်းက ဆုံးသွားလို့ သားကလေးတစ်ယောက်နဲ့ကျန်ရစ်ခဲ့တယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် သူ့ဟာသူ ရပ်တည်နိုင်အောင် တစ်နည်းတစ်လမ်း ကူညီဖို့လိုတယ်ကွ"

ပခုံးကျယ်ကျယ် မျက်နှာပွပွ ဆံပင်မွဲခြောက်ခြောက်နှင့် လည်စီး ကပ်ခါ သက္ကလပ်ဖိနပ်ကို စီးထားသော ဇာဗ်ယာလော့ဗ်က အရေးကြီး သည့် လေသံမျိုးဖြင့် ဝင်၍ပြောလိုက်လေသည်။

"ဗာ့စ်ယာ စောစောက ရုံးခန်းထဲမှာ မင်း အချက်ကျကျ ဝေဖန် လိုက်တာတွေ ငါ ကြားလိုက်တယ်။ တကယ်တော့လည်း မင်းပြောတာ တွေဟာ အမှန်ပဲကွ၊ တို့သမာဓိသတင်းစာထဲမှာ အမှားတွေ ပါနေတယ်။ ဒါပေမယ့် ခပ်ရှင်းရှင်းပြောရမယ်ဆိုရင် ဒါဟာ စာပြင်ဆရာ တစ်ယောက် တည်းရဲ့ အမှားမဟုတ်ဘူး။ အယ်ဒီတာအဖွဲ့တစ်ခုလုံးမှာ တာဝန်ရှိတယ်။ ပြီးတော့ အဲဒါကလည်း အခြေအနေကို မင်းသိတဲ့အတိုင်းပဲ၊ အပတ်ဆဲ့ဗ် ဆိုတာက သူ့ဟာသူ လူထုလုပ်ငန်းတွေနဲ့ အမြဲလိုလိုပိနေတာ၊ အဲဒီတော့ ငါတစ်ယောက်တည်းက အကုန်အောက်ခြေသိမ်းမလုပ်နိုင်ဘူး၊ ဟိုဇာတ် မင်းသား ရေကင်လိုတော့ တစ်ယောက်တည်း ခုနှထွေမလုပ်နိုင်ဘူး။ ပြီးတော့ ဗဟိုပုံနှိပ်ဌာနကြီးက အယ်ဒီတာတွေမှာ အလုပ်တွေ တောင်ပုံ ရာပုံပိနေတာကို သက်သာအောင် လုပ်နေတယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမယ့် ဒါကလည်း အပြောလွယ်သလောက် အလုပ်ကျတော့ ခက်တယ်။ အဲဒီတော့ ဒီမယ်ဗာ့စ်ရာ ငါတို့မှားတာတွေကို ဒါလောက် သိအောင် ရေးကြီးခွင်ကျယ်လုပ်ပြီး ထောက်ပြနေမယ့်အစား မင်းနဲ့တခြား ကျန်တဲ့ကျောင်းဆရာတွေက တို့ကို ဝိုင်းဝန်းပြီး ကူညီညာလုပ်ကိုင်ပေး ကြရင် ပိုကောင်းမယ်ထင်တယ်။ မင်းတို့ထဲက တစ်ယောက်ယောက်လောက်

mgyoe.com

mgyoe.com
ဒီသမာဓိသတင်းစာ စာပြင်တဲ့နေရာမှာ အကူအညီသဘောမျိုးနဲ့ ဝင်လုပ်ပေးစမ်းပါဆိုတာ မင်းကိုပြောခဲ့တာ ဘယ်နှခါရှိပြီလဲ၊ ဆိုစမ်းပါဦး၊ ငါပြောတာတွေ ဟုတ်ရဲ့လားလို့. . . ”

အပတ်ဆဲ့ဗ်ကမူ သူ လုပ်နေကျထုံးစံအတိုင်း ဘယ်ဘက်လက်ကို အကျႌအိတ်ထဲသို့နှိုက်လျက် ဆေးတံမှ မီးခိုးများကို မှုတ်ထုတ်နေလေသည်။ မျက်မှန်အထူကြီးများ၏နောက်မှ သူ့မျက်လုံးများပေါ်တွင် တစ်စုံတစ်ခုကို မဝေခွဲနိုင်သည့် အရိပ်အရောင်များပေါ်ပေါက်နေရာမှ သူပြောနေကျခပ်ပြတ်ပြတ်လေသံနှင့် ဝင်၍ပြောပြန်လေသည်။ “ဟုတ်ပါတယ်၊ ဒါပေမယ့် လုံးလုံးကြီးတော့လည်း မဟုတ်ဘူးပေါ့၊ ဒီတိုက်မှာ အချိန်ပြည့်လာလုပ်ဖို့ဆိုတာတော့ ဘယ်ကျောင်းဆရာမှ စီစဉ်နိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ ခင်ဗျားလည်းသိတဲ့အတိုင်းပဲ၊ အရေးကြီးတဲ့ စာမူတွေက တစ်ခါတစ်ရံ ညမှာ ရောက်လာချင် ရောက်လာတတ်တာပဲ၊ ဒါပေမယ့် တစ်နည်းနည်းနဲ့ ကျုပ်တို့ အယ်ဒီတာအဖွဲ့အနေနဲ့ လူပြည့်စုံအောင် ထားဖို့လိုတယ်” ဟူ၍ပြောကာ မာ့ဇ်ဟာရော့ဇ်ဘက်သို့လှည့်ကာ “ကိုင်း. . . ဗာ့စ်ယာ၊ အဲဒီတော့ ကွန်မြူနစ် လူငယ်အဖွဲ့ဝင်တစ်ယောက်အနေနဲ့ရော၊ ကျောင်းဆရာတစ်ယောက်အနေနဲ့ပါ တို့ကို ကူညီစေချင်တယ်ကွာ၊ နာတာလ်ယာကို ရုရှားဘာသာ သင်ပေးဖို့လိုတယ်။ အဲဒီတော့ မင်းက ဘယ်လိုသဘောရသလဲ၊ လုပ်မယ်မဟုတ်လား၊ သူ့အတွက်လည်း သူ့ကို အပြစ်တင်တာ ကြားနေရတာထက်တော့ ဒီလိုဝင်ကူတာက သိပ်ပြီး ပိုကောင်းမယ်ထင်တယ်”

“စာပြင်ဆရာကိုသင်ပေးဖို့လား၊ စိတ်ချပါဗျာ၊ ကျွန်တော် နေ့တိုင်း ကျောင်းဆင်းပြီးရင် တစ်နေ့ကိုတစ်နာရီလောက် အချိန်ရအောင်လုပ်ပြီး သင်ပေးမယ်” မာ့ဇ်ဟာရော့ဇ်က လိုလိုလားလားနှင့် အားတက်သရော ပြောလေသည်။

သူသည် ခဏကြာလျှင် ရုံးခန်းထဲသို့ ရောက်သွားကာ နာတာလ်ယာအား စာသင်ခြင်း၏ အကျိုးရှိပုံများကို စိတ်ပါလက်ပါ ဆွေးနွေးပြနေသည်မှာ နာတာလ်ယာ၏ဘဝတစ်ခုလုံးအတွက် ဒါသာလျှင် အရေးကြီးဆုံးလို့ပင် ထင်မှတ်ရလေသည်၊ နာတာလ်ယာကလည်း ဆက်ဆက်
mgyoe.com

mgyoe.com


သင်ပါမည်ဟူ၍ လက်ခံသဘောတူလိုက်လေသည်။

သူမသည် မာဇ်ဟာရှော့ဗ်ပြန်သွားပြီး မကြာမီ သားကလေးကို ညစာကျွေးရန် အိမ်ပြန်လာခဲ့လေ၏။

မည်သည့်အလုပ်တိုက်တွင်မဆို လူသစ်တစ်ယောက်တိုးလာလျှင် ပြောစရာအကြောင်း တစ်ခုတိုးလာသည့် ထုံးစံအတိုင်း ဤသတင်းစာ တိုက်တွင်လည်း စာပြင်ဆရာအသစ်နှင့် ပတ်သက်၍ ပြောစရာတစ်ခု ဖြစ်နေလေသည်။ ငွေကိုင်စာရေးကြီးဆိုလျှင် စာပြင်ဆရာမလေး နာတာလ်ယာသည် သူမ၏အိမ်မှုကိစ္စ ဗာဟီရကလေးများမှတစ်ပါး သမာဓိသတင်းစာတိုက်တွင် အလုပ်ဆင်းချိန်၌ တခြားအပြင်အပကို လုံးဝသွားလာခြင်းမရှိကြောင်းဖြင့် တစ်တိုက်လုံးကို လျှောက်ပြောနေ လေသည်။ တိုက်တွင် တံမြက်စည်းလှဲသော ပရက်စ်ကော့ဗ်ယာဆိုသူ မိန်းမကြီးကလည်း ငွေကိုင်စာရေးကြီးပြောသမျှကို ထောက်ခံရုံမျှမက စာပြင်ဆရာမကလေးက သူ့သားလေးနှင့် နေ့တိုင်းအပြင်သို့ လမ်းလျှောက် ထွက်ရာ၌ မြို့ကြီးသူမြို့ကြီးသားတွေလုပ်သလို ကလေးကို အရုပ်ကလေး ပမာ ဝတ်ဆင်ပေးပြီး သုံးဘီးလှည်းကလေးနှင့် ထွက်လေ့ရှိကြောင်း များကိုပါ ဖြည့်စွက်ပြောလိုက်ချေသေးသည်။

"သူ့အနေနဲ့ ကဗျာတွေ ဘာတွေကော နားလည်ရဲ့လားဗျ" အသက်ဆယ်နှစ်သားရှိသေးသည့် စာစီသင်နေသော ကိုလ်ယာဆိုသည့် ကောင်ကလေးကလည်း ဝင်၍မေးလိုက်သေးသည်။

ဒါကိုပင် စာပေဘက်ဆိုင်ရာ အယ်ဒီတာက "ဘာလုပ်မလို့လဲကွ၊ မင်းက သူနဲ့လရောင်အောက်မှာ တွဲလျှောက်ဖို့ စိတ်ကူးထားလို့လား" ဟူ၍ ရယ်မောကာ လှမ်းနောက်လေသည်။

"ဒီကောင့်အနေနဲ့ ပိုးဖို့ပန်းဖို့အချိန် မရောက်သေးပါဘူးဗျာ၊ ဝါနုပါသေးတယ်" ဟု တိုက်အုပ်ဖြစ်သူ ဇက်ဗ်ယာလော့ဗ်က ခပ်တည်တည် လူကြီးလေသံနှင့် ဝင်ပြောလိုက်သည်။ "ဒီကောင်က နာတာလ်ယာ ဟာက ကဗျာတွေဘာတွေ စပ်တတ်တယ်။ ဒါမှမဟုတ် ကဗျာဆရာ မီဆာ ကော်ဗ်စကီးနဲ့ လူချင်းတွေ့ဖူးတယ်လို့ ထင်နေတာဗျ၊ ဘာပဲဖြစ်ဖြစ် ကိုလ်ယာဆိုတဲ့ကောင် ကဗျာ မတောက်တခေါက် စပ်တတ်တယ်

mgyoe.com

mgyoe.com


ဆိုတာတော့ ကျွန်တော်သိတယ်။ တစ်ခါက နယ်သတင်းထောက်တစ်ယောက်ဆီက သတင်းကို စီဖို့ဆိုပြီး သူ ချပေးလိုက်ပါတယ်၊ အဲဒါကို ကဗျာလိုလုပ်ပြီး စီလာတာပဲ"

တစ်ခန်းလုံးမှာ ဝါးခနဲ ပွဲကျသွားလေသည်။ ကိုလ်ယာတစ်ယောက်သာ မရယ်နိုင်ဘဲ သူ့အလုပ်ခန်းထဲသို့ ခေါင်းရှုပ်ဟန်ဖြင့် ခပ်ကုတ်ကုတ်ကလေး ထသွားလေသည်။

## (၂)

အယ်ဒီတာမရှိခိုက်ဆိုလျှင် လယ်သမားသမဂ္ဂသတင်းစာတိုက်တွင် ဇက်ဗ်ယာလော့ဗ်သည် အကြီးအကဲဖြစ်နေလေသည်။ ထိုအခါမျိုးတွင် သူသည် အယ်ဒီတာအခန်းထဲသို့ ချက်ချင်းရောက်သွားပြီးနောက် စက်တင်ရိုက်နေသော စာရွက်များကို အယ်ဒီတာစားပွဲသို့ယူပေးရန် ခိုင်းတတ်သည်။ ဤတိုက်သို့ အလုပ်စဝင်သည့်နေ့ကဆိုလျှင် သူသည် "အယ်ဒီတာ"၊ "တိုက်အုပ်"၊ "စက်ရိုက်ခန်း"၊ "သန့်ရှင်းရေး" "စည်းကမ်းများကို လေးစားပါ" စသည့် စာတမ်းများကို အထူးသတိပြုမိလေသည်။ သူသည် သပ်ရပ်သေသပ်မှုကို အလွန်နှစ်ခြိုက်တတ်သူတစ်ယောက်ဖြစ်၍ တိုက်ရှိရုံးလုပ်သားများကိုလည်း "ဒီမယ် ယဉ်ကျေးမှုမရှိတဲ့ လူတစ်ယောက်ဟာ ဆားမပါတဲ့ ဟင်းနဲ့ အတူတူပဲဗျ" ဟူ၍ မကြာခဏ ရွတ်ဖတ်သရဇ္ဈာယ်၍ ပြလေ့ရှိပေသည်။

စာပြင်ဆရာမကလေးကမူ သူ့ကို ဘာတစ်ခုမှ လာရောက်အကြောင်းကြားခြင်း၊ မေးမြန်းခြင်းမပြုပေ။ သူမသည် နံနက်တွင် စက်သမားများနှင့်အတူလာ၍ ညဘက်တွင် တိုလီမိုလီလုပ်ရသော မိန်းမကြီးနှင့်အတူ ပြန်လေ့ရှိ၏။ နက်မှောင်သော ဆံပင် နှင်းဆီရောင်သမ်းနေသော ပါးမို့ကလေး၊ ဖြောင့်စင်းသောနှာတံကလေးနှင့် သူမအား ရှေ့ဆုံးအခန်းတစ်ခု၏ ပြတင်းပေါက်အနီး စားပွဲတစ်ခုတွင် ကုန်း၍ အလုပ် လုပ်နေသည်ကို တွေ့နိုင်ပေသည်။ သူမ၏ တစ်ဖက်မှ စားပွဲလွတ်တစ်ခုပေါ်တွင်ကား စက်ဆီများ ပေပေရေရေနှင့် မင်မခြောက်သေးဘဲဖြစ်နေသော ပြင်ချက်စာရွက်များ ပြန့်ကြဲနေလေသည်။ ထိုပြင်ချက်များနှင့်အတူ တာ့စ်

mgyoe.com

mgyoe.com


ကြေးနန်းများ၊ ပရားပဒါးသတင်းစာမှ ပြန်ကူးထားသော စာမူများနှင့် နယ်မှလာသော ဆောင်းပါးမူရင်းများကိုပါ တွေ့မြင်နိုင်ပေသည်။

အဆိုပါ တနင်္ဂနွေတစ်ပတ် ကုန်ဆုံးသည့်နေ့တွင် ဇာဗ်ယာ ကော့ဗ်သည် သူမကို စာပြင်ပုံပြင်နည်းကို လက်ထပ်သင်ပေးလေတော့သည်။ လက်နှင့်ရိုက်ထားသော ပထမ ပြင်ချက်များရောက်လာလျှင် ရောက်လာချင်း သူသည် သူထိုင်နေသော ကုလားထိုင်ကို နာတာလ်ယာ၏ စားပွဲရှိရာသို့ ဆွဲမသွားပြီးနောက် သက်ပြင်းကြီးချကာ သူမ၏ လုပ်ပုံလုပ်နည်းကို အကဲခတ်စောင့်ကြည့်လေသည်။

"ဒီမယ် နာတာလ်ယာ" သူသည် ချက်ချင်းပင် တစ်နေရာကို လက်ဖြင့် ထောက်ပြကာ "ဟောဒီ 'အမြဲတမ်း အခြေအနေ' ဆိုတာ မှားနေတယ်၊ 'အမြဲတမ်း အခြေအနေ' လို့ ပြင်ပေးရမယ်"

"အဓိပ္ပာယ်ကကော ဘာတဲ့လဲ"

"အဓိပ္ပာယ်ကတော့ သဘောတရားရေးဆန်ဆန်ပဲ ဆက်တိုက် လှုပ်ရှားနေတယ်ဆိုတဲ့ သဘောပေါ့" ပြီးမှ သူက ရယ်စရာထပ်ပြောလိုက်သည်။ "ခြောက်လလုံးလုံး အမြဲတမ်း ထကြွနေသော လှိုင်းတံပိုးများ ဆိုတာလိုပေါ့"

ဇာဗ်ယာလော့ဗ်သည် သူမ၏ ကုလားထိုင်နောက်တန်းပေါ်သို့ သူ့လက်ကိုတင်ကာ သူ့မူရင်းဆောင်းပါးကို ဖြည်းဖြည်းလေးလေးနှင့် ပီပီသသ ဝါကျ အဖြတ်အတောက်မှန်အောင် ဖတ်ပြလေသည်။ နာတာလ်ယာကလည်း ပရု(ဖ်) စာရွက်ပေါ်တွင်လိုက်၍ စစ်ဆေးကာ စာပြင်ဆရာများ ပြုလုပ်နေကျအတိုင်း မှားယွင်းသည့်နေရာများတွင် မျဉ်းကြောင်းများဖြင့် ရှုပ်ရှက်ခတ်နေအောင် ခြစ်၍ ပြင်ချက်များ လိုက်ရေးလေသည်။

"ဆဗက်တလီပွတ်. . . စုပေါင်းလယ်ယာမြေအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဝက်မွေးသည့် မိန်းကလေးတစ်ဦးဖြစ်သူ ဂရန်ယာဆိမင့် ဆိုဗါသည် သူမ၏ ဝက်ကလေးများကို ချစ်ခင်ယုယစွာနှင့် ဂရုတစိုက် မွေးမြူစောင့်ရှောက်လေသည်။ စုပေါင်းလယ်ယာမြေ. . . အထွေထွေ အစည်းအဝေးကြီးတွင် သူမက ယခုနှစ်အတွင်း စံချိန်အများဆုံးအဖြစ် မွေးလာခဲ့သော သူမ၏ ဝက်ကလေးများကို တစ်ကောင်မှ မပျက်စီးစေရ

mgyoe.com

mgyoe.com


ပါဟု တာဝန်ခံသွားခဲ့သည်။"

သတင်းစာတိုက်မှာ အပူငွေ့အားနည်းလှ၏။ သို့ဖြစ်၍ နာတာလ်ယာသည် ကော်လာနှစ်ထပ် တပ်ထားသည့် သူမ၏ အညိုရောင် ကုတ်အင်္ကျီကို မချွတ်ဘဲထားရသည်။ စီးထားသော သားရေဖိနပ်မှာလည်း ရွှံ့စက်များဖြင့် ပေကျံ၍နေကာ သူမ၏ ကိုယ်ပေါ်တွင် စင်ကျနေသော နှင်းပွင့်များနှင့် သစ်ပင်သစ်ရွက်အစအန ကလေးများကို ကြည့်ခြင်းအားဖြင့် သူမသည် နွေဦးပေါက်ရာသီကို သရုပ်ဆောင်နေသကဲ့သို့ ရှိလေသည်။ သူမ၏ လှုပ်ရှားသွားလာပုံများမှာ ဖျတ်ဖျတ်လတ်လတ်ရှိ၏၊ ပေါ့ပါး၏၊ သွက်လက်ချက်ချာပုံရ၏၊ သူမကို ကြည့်ရသည်မှာ သူမအသက် ၂၄ နှစ်ထက်ပင် ငယ်ပုံရလေသည်။

"အင်း. . . ကလေးတစ်ယောက်အမေ မုဆိုးမဖြစ်နေပေမယ့် ကြည့်ရတာ တကယ့် အပျိုကလေးအတိုင်းပဲ" ဟူ၍ ဇာဝ်လော့ဗ် စိတ်ထဲတွင် တွေးမိသည်။ သူက ဖတ်လက်စဆောင်းပါးကို ရုတ်တရက် ဖြတ်လိုက်ကာ ကုတ်အင်္ကျီကို အနည်းငယ်ပြင်လိုက်ပြီးမှ လေသံကို တစ်မျိုးပြင်၍ ရင်းရင်းနှီးနှီးသဘောမျိုးဖြင့် ကောက်ကာငင်ကာ မေးလိုက်သည်မှာ

"မင်း ကလပ်ကို ဘာပြုလို့ တစ်ခါမှမသွားတာလဲ၊ အဲဒီမှာ ဆေးရောင်စုံ ရုပ်ရှင်တွေ မကြာခဏပြတယ်"

သူမသည် ရုတ်တရက်မော့ကြည့်ကာ ကြောင်နေလေသည်။

"ရှင်ပြောတာ ဘာရယ်၊ ကျွန်မဖြင့် နားတောင်မလည်လိုက်ဘူး၊ လန့်တောင်လန့်သွားမိတယ်"

"ကျုပ်ပြောတာက ဒီလိုပါ၊ ဒီဒေသမှာ ဘာမှ ပျော်မွေ့ရွှင်မှု မရှိဘူးရယ်လို့ မင့်စိတ်ထဲက ထင်နေသလားလို့ပါ၊ ဒီလိုသာထင်ရင်တော့ မင်းမှားမှာပဲ၊ တို့ဆီမှာ တစ်ခါတစ်ခါဆိုရင် မိုဒန့်စ်နယ်က ဇာတ်အဖွဲ့ကြီးတောင် လာကတာရှိတယ်။ ပြီးတော့ အရပ်ဇာတ်အဖွဲ့ကလည်း ပြဇာတ်တွေရော ယိမ်းတွေရော ကတာရှိတယ်။ အဲဒါတွေလည်း သိပ်မဆိုးလှပါဘူး" ဟု ပြောကာ ဇာဝ်ယာလော့ဗ်သည် သူ့လည်စည်းကို ပြင်၍ တင်းလိုက်သည်။

သူမသည် တစ်ခုခုကို သဘောပေါက်သွားဟန်ဖြင့် ခပ်ကျယ်

mgyoe.com

mgyoe.com


ကျယ်ကလေး ရယ်ပစ်လိုက်လေသည်။ ပြီးမှ "ကျွန်မဖြင့် တော်တော့်ကို ထိတ်သွားတာပဲ၊ ကျွန်မစိတ်ထဲ ရှင့်ဆောင်းပါးကိုပဲ ဆက်ဖတ်နေတယ် ထင်တာကိုး၊ ဒါ့ကြောင့်မို့ဘယ့်နှယ့် ဒီစာပိုဒ်ဟာ ပရူ(ဖ်)ထဲမှာလည်း မပါ ပါဘူးလို့ အောက်မေ့နေတာ"

သူသည် သူ ထိုင်နေသော ကုလားထိုင်ကို သူမနှင့် ပို၍နီးအောင် တိုးလိုက်သည်။ ယခုဆိုလျှင် သူမ၏ ကုလားထိုင်နောက်တန်းပေါ်သို့ တင်ထားသော သူ၏လက်မောင်းတစ်ဘက်သည် နာတာလ်ယာ၏ ပခုံးများကို သိုင်း၍ဖက်ထားသလို ဖြစ်နေလေ၏။ သို့သော် သူမသည် မရွေ့မလျားဘဲ နေမြဲအတိုင်းနေလေသည်။ ဇာဗ်ယာနော့ဗ်၏မျက်နှာထားမှာ ယခုမှပင် အိပ်ရာမှ ထလာစလူတစ်ယောက်ကဲ့သို့ အိပ်မှုန်စုံမွှားဖြစ်နေသည့် သဏ္ဌာန်မျိုးပေါက်နေလေသည်။ ပြီးနောက် တစ်စုံတစ်ခုကို မျှော်မှန်းတမ်းတ၍ မှန်းဆရှာဖွေနေသည့် အသွင်လက္ခဏာမျိုး ဖြစ်ပေါ်နေပေသည်။

"မင့်ဟာက ကိုယ့်အသိုက်အမြုံထဲမှာတင် အချိန်ကုန်နေတဲ့ ငှက်ကလေးတစ်ကောင်လို ကိုယ့်အိမ်ကို အလုံပိတ်ပြီးနေတာမျိုး ဖြစ်နေလို့ပါ" ဟူ၍ အပြစ်တင်သံဖြင့် သူက ပြောပြန်၏။

"ဒီလိုနေတဲ့အတွက် ဘာများ အကျိုးထူးရှိနေလို့လဲ"

"ကျွန်မနေတာ တစ်ယောက်တည်းမဟုတ်ပါဘူးရှင့်၊ ကျွန်မသားကို ရှင် မေ့နေပြီထင်တယ်"

"ဟာ. . . ဒါကတော့ တခြားပဲ"

ဇာဗ်ယာလော့ဗ်သည် သူ၏ဆောင်းပါးကို စားပွဲသို့ ပစ်ချလိုက်၏။ ဤအဓိပ္ပာယ်မှာ ပြောလက်စ စကားကို ဆက်ပြောရန် ရည်ရွယ်သည့်သဘောကို ပေါ်လွင်အောင် ပြလိုက်ခြင်းပင်ဖြစ်သည်။ နာလ်ယာကလည်း ပရူ(ဖ်)ပြင်ချက်ဈားကို တစ်နေရာသို့ တွန်းဖယ်ပို့လိုက်ပြီးနောက် သူမ၏လက်ထဲရှိ မှင်များပေကျံနေသော ကလောင်တံကို လက်ချောင်းကလေးများဖြင့် ဟိုပွတ်သည်ပွတ်လုပ်နေလေသည်။ သူမမှာ မပွင့်တပွင့်အပြုံးဖြင့် ရှက်သွေးဖြာနေဟန်ရှိ၏။

"ခက်တာက ကျွန်မမှာ အပြင် ဟိုဟိုဒီဒီသွားဖို့ဆိုတာက ဘယ်သူ အဖော်ရှိလို့လဲ၊ ကျွန်မအစ်ကိုဆိုတာကလည်း သူ့ဆိုင်နဲ့သူ အမြဲ အလုပ်များ

mgyoe.com

mgyoe.com


နေတာပဲရှင့်၊ ပြီးတော့ ကျွန်မအနေနဲ့ ဒီရောက်တာ ခုမှ သုံးပတ်လောက်ရှိသေးတော့ ဘယ်သူနဲ့မှလည်း ကောင်းကောင်းသိကျွမ်းသေးတာမဟုတ်ဘူး။ နည်းနည်းအနေကြာလာလို့ အသိမိတ်ဆွေတွေပေါလာရင်တော့ ဟိုဟိုဒီဒီ သွားဖြစ်မှာပါပဲ၊ ဘိုင်စကုတ်ဆိုရင်လည်း ကျွန်မသိပ်ဝါသနာ ပါပါတယ်။ ကျွန်မတို့မြို့ ရက်ဖ်ဒိုရီမှာဆိုရင် ကျွန်မလာသမျှကားတိုင်းလိုလို ကြည့်တာပါပဲ"

"ဒါကတော့ မင့်အနေနဲ့ ဝါသနာပါလို့ သွားကြည့်ချင်တယ်ဆိုရင် လိုက်ပြဖို့ မခဲယဉ်းပါဘူး၊ ကိုယ်တို့သတင်းစာထဲမှာလည်း အပတ်စဉ်ကားသစ်တွေနဲ့ ကလပ်မှာပြတဲ့ ပြဇာတ်တွေအကြောင်း အမြဲတမ်းသတင်းရေးနေရတာပဲ၊ ပြီးတော့ ကိုယ်က ဒီမှာ တိုက်အုပ်ဆိုတော့ မေတ္တာလက်ဆောင် လက်မှတ်ကို နှစ်စောင်တောင်းရင် ရနိုင်ပါတယ်"

နာတာလီယာသည် သူမ၏ မျက်တောင်ထူကြီးများကို ခတ်ရင်းက ဇာဗ်ယာလော့ဗ်၏ စကားများကို နားစိုက်နေမိသည်။

ထိုအခိုက် ငွေကိုင်စာရေးသည် ဘဏ်တိုက်မှ ပြန်ရောက်လာသဖြင့် သူတို့နှစ်ယောက်မှာ စကားပြတ်သွားရလေသည်။ နောက်မကြာမီပင် စာပေဘက်ဆိုင်ရာ အယ်ဒီတာ ဇစ်ဇ်ကိုလည်း ပြန်ရောက်လာသည်ကိုတွေ့ရ၏။ သူသည် ခရိုင်စက်မှုလက်မှု အလုပ်ရုံမှ ပြန်လာခြင်းဖြစ်၍သူနှင့်အတူ နွေဦးပေါက်ရာသီအတွက် မျိုးကြဲရန် စက်များအသင့်ဖြစ်နေသော သတင်းပါလာလေသည်။ သည့်နောက် သတင်းစာ လပေးကြည့်သူတစ်ယောက် ပေါက်လာပြန်၍ သတင်းစာအိမ်မရောက်ကြောင်းလာတိုင်နေပြန်ရာ ထိုလူအား စာတိုက်ကြီးမှ သတင်းစာပို့သော ဌာနသို့သွားရောက်စုံစမ်းကြည့်ရန်တစ်ဆင့် ညွှန်လိုက်ရပြန်သည်။ ထိုသူထွက်သွားပြီး ဆက်တိုက်ဆိုသလိုပင် သမဝါယမကုန်စုံဆိုင်မှ လူတစ်ယောက်ဝင်လာကာ ၎င်းတို့သမဝါယမဆိုင်တွင် ကြုံတွေ့နေရသော အခက်အခဲများကို ပြောကြားနေပြန်လေသည်။

သို့နှင့်ပင် ဇာဗ်ယာလော့ဗ်သည် သူ့ဆောင်းပါးကို တစ်ပိုင်းတစ်စနှင့်အဆုံးမသတ်နိုင်ဘဲ ရပ်ထားလိုက်ရ၍ ထိုင်ရာမှထရင်း. . .

"ဘယ့်နှယ့်လဲ နာတာလီယာ ကိုယ်ပြောတာ သဘောတူတယ်

mgyoe.com

mgyoe.com


မဟုတ်လား" ဟု မေးလိုက်သည်။

သူမသည် ပါးစပ်က ဘာမှပြန်မပြောဘဲ ပြင်ချက်စာရွက်များပေါ်တွင် ငုံ့နေသော ခေါင်းကို ပို၍ နှိမ့်ကာ ညိတ်ပြလိုက်သည်။

သူမ၏ စိတ်ထဲတွင် ဇာဇ်ယာလော့ဇ်ကို အခြားသူများထက် ပို၍ ထူးထူးခြားခြားသဘောကျစရာရှိသည်ဟု မထင်မိပေ။ သို့ရာတွင် သူ့အမူအရာများမှာ အပြစ်ဆို၍ မရနိုင်ဘဲ ဖြစ်နေသည်ကို တွေ့နေရသည်။ သည့်နောက်တော့ သူသည် သူမ၏စိတ်ဓာတ်ကို လွှမ်းမိုးထားသလိုဖြစ်နေလေရာ သူ၏ဖိတ်ကြားချက်ကို ငြင်းပယ်၍မရနိုင်အောင်ဖြစ်မိသည်။

သို့ဖြစ်ရာ နောက်စနေနေ့တွင် နာတာလီယာနှင့် ဇာဇ်ယာလော့ဇ်တို့သည် နှစ်ယောက်သား အတူတကွ ရုပ်ရှင်သွားကြည့်ကြလေ၏။

## (၃)

အယ်ဒီတာအဖွဲ့၏ ရုံးခန်းမှာ တိုက်တွင် တိုလီမိုလီအလုပ်လုပ်နေသော ပရာစ်ကော့ဗ်ယာဆိုသူ မိန်းမကြီး ရောက်လာချိန် နံနက် ၆ နာရီခွဲလောက်တွင် စ၍ဖွင့်သည်။ ထိုမိန်းမကြီးသည် ရောက်လျှင်ရောက်ချင်း မစွမ်းမသန်ဖြစ်နေရှာသော ညစောင့်အဘိုးကြီးအားသစ်သားခုံပေါ်တွင် အိပ်နေရာမှ နှိုးလေ့ရှိ၏။ ထို့နောက် စာစီသမားများ ရောက်လာကြရာ သူတို့နှင့်အတူ နာတာလီယာလည်း ပါလာလေသည်။ ခဏကြာလျှင် အဆောက်အအုံတစ်ခုလုံးမှာ လူသံသူသံများဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာကာ အောက်ထပ်စက်ခန်းမှ စက်ရိုက်သံကိုလည်း မှန်မှန်ကြီး ကြားလာရတော့၏။ ပုံနှိပ်စက်မှာ နာဇီများသိမ်းပိုက်စဉ်က ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ပျက်စီးနေရာမှ ပြင်ဆင်၍ရိုက်နေရသောစက်ဖြစ်ရာ ကို့ရိုးကားရားနှင့် ပုံပျက်ပန်းပျက်ဖြစ်ကာအုတ်သမံတလင်းပေါ်တွင်လည်း စက်ရိုက်ရင်း စက်ဆီများ ယိုကျကာအညစ်ညစ်အပတ်ပတ်ဖြစ်နေပေသည်။

အယ်ဒီတာအဖွဲ့နှင့် ကျန်ရုံးသားများမှာ ဆယ်နာရီထိုးမှ ရောက်လာကြ၍ ၎င်းတို့မရောက်မီဆိုလျှင် ရုံးခန်းမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

mgyoe.com

mgyoe.com


နာတာလ်ယာသည် အကွက်ဖော်ထားသည့် ဖယောင်းပုဆိုးခင်းထားသောခုံတွင် ဝင်ထိုင်ပြီးနောက် ပြင်ချက်စာရွက်များ အဆင်သင့်ရှိက ထိုပြင်ချက်များကို စဖတ်၏။ အကယ်၍ မရှိပါက နေ့လယ်စာထည့်ယူလာသော ပတ္တူလွယ်အိတ်ထဲမှ ရှချာဘာ၏ သဒ္ဒါဖတ်စာအုပ်ကို ထုတ်ကာ မာဇ်ဟာရော့ဇ်က ပေးလိုက်သည့် လေ့ကျင့်ခန်းများကို ရေးနေတတ်သည်။ သူမသည် မကြာခဏဆိုသလို ထိုသို့ ဂရုစိုက်လေ့လာကြိုးစားလာခဲ့ရာ သူမဆရာဖြစ်သူ၏ ခဲတံအနီဖြင့် ခြစ်ပြလေ့ရှိသော အမှားများကို တစ်စတစ်စ ကျော်လွှားလာနိုင်ခဲ့ပေသည်။

နာတာလ်ယာသည် အလုပ်ကို နံနက် စောစောထ၍ လုပ်လေ့ရှိ၏။ နံနက်စောစောဆိုလျှင် ကျွဲကော်နံ့သင်း၍ စင်စင်ကြယ်ကြယ်ဆေးကြောတိုက်ချွတ်ထားသော ကြမ်းပြင်ဖြင့် ရုံးခန်းမှာ သန့်သန့်ရှင်းရှင်းဖြစ်နေကာ လေမှာလည်း မီးခိုးများ ကင်းစင်နေလေသည်။ ထိုအချိန်မျိုး၌ ကြီးမားကျယ်ပြန့်၍ ဟာလာဟင်းလင်းဖြစ်နေသော ပြတင်းပေါက်မှ ဧပြီလ၏ နွေးထွေးသောနေရောင်ခြည်သည် သွယ်တန်းယှက်ဖြာ၍ ကျဆင်းကာ နှင်းပွင့်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေသည့် နံရံပေါ်သို့ လှုပ်လှဲ့လှုပ်လီ ရောင်ပြန်ဟပ်၍ နေလေသည်။

စာစီခန်းမှ တံခါးမကြီးကိုဖြတ်၍ ဖောက်ထားသော လေးထောင့်ပြတင်းပေါက်ကလေးကိုဖွင့်ကာ ကိုလ်ယာသည် ပြင်ချက် စာရွက်အရှည်ကလေးများကို စာပြင်ဆရာရှိရာဘက်သို့ ထိုး၍ပေးလိုက်၏။ သူ့လက်များမှာ မင်များဖြင့် ပေကျံနေကာ ပါးစပ်မှလည်း ကဗျာတစ်ပုဒ်ကို ရွတ်ဆိုနေလိုက်သေးသည်။

နာတာလ်ယာက ကိုလ်ယာ ထိုးပေးလိုက်သည့် ပြင်ချက်များကို လှမ်းယူပြီးနောက် လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာမူများနှင့် တိုက်ကာ အမှားများကို ပြင်ရလေသည်။

ဧပြီလ၏ တစ်ခုသော တနင်္လာနေ့ဝယ် (တနင်္လာနေ့ဆိုလျှင် သမာဓိသတင်းစာတိုက်မှာ အလုပ်သိပ်မများလှ) တိုက်ရှေ့မှ တံခါးမကြီးပွင့်လာ၍ လူတစ်ယောက်ဝင်လာသည်ကို တွေ့ရ၏။ ထိုသူမှာ အသက်လေးဆယ်နီးပါးခန့်ရှိ၍ အရပ်ရှည်ရှည်ပိန်ပိန်ပါးပါးနှင့် ခါးအနည်းငယ်

mgyoe.com

mgyoe.com


ကိုင်းကာ မုတ်ဆိတ်အတိုကလေးနှင့်ဖြစ်၍ ကုတ်အင်္ကျီခပ်ပါးပါးကို ဝတ်ထားပြီး လက်မှလည်း မိုးပေါက်များထိမှန်ထားသည့် ထီးတစ်လက်ကို ကိုင်ထားလေသည်။ အဆိုပါလူသည် အေးအေးဆေးဆေးနှင့်ပင် သူ၏ မိုးခိုးရောင် ကတ္တီပါဦးထုပ်ကိုချွတ်ကာ စာပြင်ဆရာမ နာတာလ်ယာကို မသိမသာ ဦးညွှတ်၍ နှုတ်ဆက်လိုက်ပြီးမှ. . .။

"ကျုပ် ဒီမှာ ကိစ္စတစ်ခုရှိလို့ ဘယ်သူနဲ့ စကားပြောရမလဲဆိုတာ တဆိတ်သိပါရစေ. . ."

"ဘာကိစ္စနဲ့ပတ်သက်လို့ပါလဲရှင်" နာတာလ်ယာသည် အနည်းငယ် အိုးတိုးအန်းတန်းဖြစ်နေရာမှ ပြန်မေးလိုက်သည်။ သူမသည် သူ့ကိုယ်သူ ဤသတင်းစာတိုက်၏ 'ကိုယ်စားလှယ်'အဖြစ် တစ်ခါဖူးမျှ သဘောထား၍ ပြောကြားခြင်းမခံရခဲ့ရခြင်းကြောင့် အနည်းငယ် လန့်သလိုလို ဖြစ်စေမိသည်။

"ကျုပ်ဆောင်းပါးတစ်စောင် ရေးလာလို့ပါ၊ ကျုပ်နာမည်က အိုဘဲလ်ယာနင်လို့ ခေါ်ပါတယ်။ အလုပ်ကတော့ ဆေးရုံမှာ လုပ်ပါတယ်"

"ဩော်. . . ဒေါက်တာကိုး၊ ဆရာ့ကို ကျွန်မသိပါတယ် ဆရာ၊ ဆရာ့ဆောင်းပါးကို ပေးချင်လည်း ပေးထားခဲ့နိုင်ပါတယ်။ ကျွန်မတို့ အယ်ဒီတာတော့ တခြားကို ခရီးထွက်နေပါတယ်. . . တိုက်အုပ်လည်း မရောက်လာသေးပါဘူး။ ဆရာ့ဆောင်းပါးကို သူ ရောက်လာချင်းပေး လိုက်ပါ့မယ်. . ."

အိုဘဲလ်ယာနင်သည် ဘာမျှ ပြန်မပြောချေ။ သူသည် အကဲခတ်နေဟန် လက္ခဏာရှိသည်။ ဘာမှ ချိတ်ဆွဲထားခြင်းမရှိဘဲ ဟာလာ ဟင်းလင်း ဖြစ်နေသောနံရံများ မှင်များဖြင့်ပေကျံနေသည့် စားပွဲခုံများ၊ ရိုက်လက်စစာရွက်တစ်ရွက် တန်းလန်းနှင့်ဖြစ်နေသော လက်နှိပ်စက် အသေးစားကလေးတစ်ခု၊ လက်ကိုင်သည့်နေရာတွင် ကိုင်ဖန်များသဖြင့် မဲညစ်နေသောကပ်ကြေးတစ်စုံနှင့် ကြမ်းပေါ်တွင် ခင်းထားသော ဖယောင်းပုဆိုးစသည့် ရှုံ့ခန်းတွင်းမှ အခင်းအကျင်း တန်ဆာပလာ များကို ကြည့်ကာ တစ်စုံတစ်ခုကို သက်ာရန့်မကင်းဘဲ စဉ်းစားနေသည့် သဏ္ဍာန်မျိုးပေါ်ပေါက်နေသည်။ သပ်သပ်ရပ်ရပ်နှင့် နီညိုရောင်သမ်း

mgyoe.com

mgyoe.com


နေသော မုတ်ဆိတ်ဖြင့် ညှိုးလျော့ဖျော့တော့နေသော သူ့ မျက်နှာကို ကြည့်ရသည်မှာ ဤသတင်းစာတိုက်သို့ လာမိသည်ကိုပင် မှားလေပြီ ဟူသော အမူအရာမျိုးမသိမသာပေါ်နေသည်။ နာတာလီယာမှာလည်း သူ့မျက်နှာကို မသိမသာ ခိုး၍တစ်ချက်မျှ လှမ်းကြည့်လိုက်မိ၏။

အင်ဒရီအိုဘဲလ်ယာနင်သည် ဘော်လ်ရှီယဲယူဂိုနီတွင်သာမက ထိုနယ်တစ်ဝိုက်တွင်ပါ ထင်ရှားကျော်ကြား လူသိများလှ၍ ခရိုင်ဆေးရုံမှ အကြီးဆုံး ဆရာဝန်ကြီးတစ်ယောက်ဖြစ်၏။ အချို့သောသူများက သူ့အား ဆေးပညာပါရဂူတစ်ယောက်ဟူ၍လည်းကောင်း၊ အချို့ကလည်း ပေါ်ကြောင်ကြောင်ဆရာတစ်ယောက်ဟူ၍လည်းကောင်း၊ အချို့ကမူ အရေခြုံဆရာဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုနေကြပေသည်။ မည်သို့ပင်ဖြစ်စေ၊ ဆရာဝန်တစ်ယောက်အနေဖြင့်ကား နာမည်ရနေသည်မှာ အမှန်ပင်ဖြစ်၏။ သူနှင့်ပတ်သက်၍ပြောလေ့ရှိကြသော အတင်းအဖျင်းစကားတစ်ခုအရဆိုလျှင် သူ အရွယ်ရောက်စအချိန်က မိုဒန့်စ်မြို့ရှိ ဆရာအတတ်သင်သိပ္ပံကျောင်းကြီးမှ ကျောင်းသူတစ်ယောက်နှင့် ချစ်ကြိုက်ကာ သမီးရည်းစားဖြစ်ခဲ့ကြသည်ဆို၏။ သို့ရာတွင် စိတ်နေစိတ်ထားကြမ်းတမ်း၍ သဘောဆိုးလှသည့် သူ၏မိခင်ကြီးက သဘောမတူ မနှစ်မြို့သဖြင့် အဆိုပါကျောင်းသူကလေးနှင့် လက်မထပ်လိုက်ရဘဲ လွဲခဲ့ရသည်ဆို၏။ ထို့နောက် စစ်ကြီးဖြစ်လာရာ သူသည် စစ်ထဲဝင်၍ ဗဲလီကီယဲဒေသတွင် ရောက်ရှိတိုက်ခိုက်နေစဉ် နောက်ပိုင်းမှ သူ့မိခင်ကြီးမှာ ဆုံးသွားခဲ့သည်ဆိုလေသည်။ စစ်ကြီးပြီးဆုံး၍ အောင်ပွဲခံပြီးသည့်နောက် သူသည် မိမိဇာတိဤဒေသသို့ပြန်ရောက်လာ၍ မည်သူနှင့်မျှ ဖော်ဖော်ရွေရွေပေါင်းသင်းခြင်းမရှိလှဘဲ တစ်ယောက်ထည်းထည်းလိုပင် နေထိုင်ကာ ရှိသမျှအချိန်ကို ဆေးရုံအလုပ်ဖြင့်သာ ကုန်ဆုံးစေခဲ့သည်ဟု ပြောနေကြပေသည်။

"ဒါတော့. . . ကျုပ်လည်း ကျုပ်ဆောင်းပါးကို ဒီမှာပေးထားခဲ့ရကောင်းမလားလို့ စဉ်းစားနေတာပဲ" အတော်ကြီးကြာမှ အိုဘဲလ်ယာနင်က လွတ်ခနဲ ပြောလိုက်သည်။ သူပြောပုံမှာ စာပြင်ဆရာမ၏ အကြံဉာဏ်ကိုလည်း ရလိုဟန်ရှိ၏။

mgyoe.com

mgyoe.com


"ဒါဖြင့် ဒီဆောင်းပါးကို ဘာလို့ ဒီယူလာသေးသလဲ. . . ဆရာ" ဟူ၍ သူမက ဝင်ပြောရင်းနှင့် သူ့ကို ပြုံးကြည့်သည်။

"ဒါကတော့ ဒီလိုပါ မင်းတို့လယ်သမား သမာဓိသတင်းစာဟာ ကျုပ်အတွက် အထောက်အကူဖြစ်မှုဖြစ်ပါ့မလားဆိုတာ စဉ်းစားမိလို့ပါ" ဆရာဝန်က စိတ်ပါလက်ပါဖြင့် ဆက်ပြောလေသည်။ "ပြီးတော့. . . ကျုပ်ကို ဒီဆောင်းပါးရေးဖို့ ဆေးရုံပါဘီ အတွင်းရေးမှူးက တိုက်တွန်းတာနဲ့ ရေးဖြစ်တာပဲ၊ ဒါတောင် အချိန်အတော်ယူပြီး ရေးရတယ်၊ ဒါတော့ မင်းလည်း နားလည်မှာပါပဲလေ. . .၊ အကြောင်းအရာက သိပ်လေးနက်ပြီး အရေးလည်းကြီးတယ်မဟုတ်လား. . .၊ ပြီးတော့ ဒီစတြိတ်မြို့က သတင်းစာအတွက်ဆိုတော့ အဆင့်မြင့်လွန်းနေမလားလို့ အဲဒီတော့ ဖြစ်နိုင်ရင် အဲဒီဆောင်းပါးရဲ့သဘောကို အတိုချုံးပြီး မင့်ကို ပထမပြောပြချင်သေးတယ်. . ."

သူသည် ဘယ့်နှယ့်လဲဟူသော သဘောမျိုးဖြင့် နာတာလ်ယာကို ကြည့်နေလေသည်။ သူ့မျက်လုံးများမှာ ပကတိရိုးသားဟန်နှင့် ကြင်နာတတ်သော အသွင်များဆောင်လျက် ပညာရှိပီသဟန်ရှိ၏။ တစ်ကိုယ်ရည် တကာယ့သမားမှန်း သိသာ၍ ဆင်ခြင်သုံးသပ်တတ်သော လက္ခဏာများ ပေါ်လွင်နေပေသည်။ စာပြင်ဆရာမလေးသည် ဆရာဝန်၏ ဆန္ဒပြင်းပြနေပုံကို အကဲခတ်ကာ သူ့ဆောင်းပါးအကြောင်း ပြောပြလိုသည်ကို သဘောတူပါသည်ဟူသော လက္ခဏာဖြင့် ခေါင်းညိတ်လိုက်သည်။

"သဘောက ဒီလိုကွဲ့. . ." ဟူ၍ ဆရာဝန်က စိတ်အားထက်သန်စွာဖြင့် အစချီလိုက်သည်။ "ကျုပ်အနေနဲ့ ဘိုဂါယီဗိုမြို့က ဆေးဘက်ပါရဂူကြီး ဂူမီအန့်ဆက်ဗ်ရဲ့စနစ်အတိုင်း အသားမျှင်ကလေးတွေ တစ်ခုနဲ့ တစ်ခု ဆက်တဲ့နည်းကို စမ်းသပ်ကြည့်တယ်။ အဲဒီဆရာဝန်ကြီးကို ကျုပ်စတွေ့ဖူးတာကတော့ စစ်မြေပြင်တုန်းကပါပဲ။ အဲဒီနောက်ပိုင်းမှာ ကျုပ်ဟာ. . . ဒဏ်ရာရတဲ့လူပေါင်း လေးရာလောက်ကို ခွဲစိတ်ကုသဖူးတယ်။ ဒီနေရာမှာ ကျုပ်ရဲ့ အခြေခံမှုက ဒီအသားမျှင်ကလေးတွေ အစားပြန်ဖြစ်လာအောင် လုပ်ပေးတာဟာ မျက်လုံးမှာဖြစ်တတ်တဲ့ ဝေဒနာတွေသာမကဘဲ တခြားရောဂါတွေကိုပျောက်အောင် ကုသရာလည်း

mgyoe.com

mgyoe.com


ရောက်တယ်လို့ ယူဆတယ်။ ဒီယူဆချက်ဟာလည်း စတာလင်ဆုရခဲ့တဲ့ မျက်စိကုဆရာဝန်ကြီး ဖီလာတော့ဗ်ကိုယ်တိုင် ထင်ထင်ရှားရှားကြီး ထောက်ခံခဲ့တာရှိတယ်။ ကျုပ်ကိုကျုပ် ဂုဏ်ယူပြောရမယ်ဆိုရင် ကျုပ်ဟာ နာတာရှည် ပန်းနာ ရောဂါ၊ အဆုတ်နာရောဂါနဲ့ အစာအိမ်ရောဂါတွေကို ပျောက်အောင် ကုနိုင်ခဲ့တယ်။ ဒါပေမယ့် မင်းလည်း သိတဲ့အတိုင်းပဲ မဟုတ်လား၊ ဒီခရိုင်ဟာ ရန်သူအသိမ်းခံရတဲ့ ခရိုင်ဆိုတော့ ယူဂိုနီက ဆေးရုံဟာလည်း အခုထက်ထိ ပြည့်ပြည့်စုံစုံပြန်မလုပ်နိုင်သေးဘဲ ဖြစ်နေရတယ်. . .။ ကျုပ်ဆီမှာဆိုရင် ဓာတ်ခွဲခန်းနဲ့ ပတ်သက်တဲ့ကိရိယာ လုံလုံလောက်လောက် မရှိဘူး။ ဓာတ်မှန်ရိုက်တဲ့ ကိရိယာလည်းမရှိဘူး။ အဲ. . . ခွဲစိတ်တဲ့ဘက်က အကူအညီဆရာမတစ်ယောက်ပဲရှိတယ်။ ပြီးတော့ ခရိုင်ကျန်းမာရေးဌာနကလည်း ကျုပ်ကိုဆိုရင် လုံးလုံး ဘာမှ အကူအညီမပေးဘူး။ မပေးတဲ့အပြင် ကျုပ်ကို အယောင်ဆောင်အရေခြုံ ဆရာဝန်တစ်ယောက်လို့ ထင်နေကြတယ်။ အဲဒီက တာဝန်ခံဖြစ်ခဲ့တဲ့ ထရိုဖင်ချိကော့ဗ်က ကျုပ်နဲ့ပတ်သက်ပြီး တိုင်းဆေးဌာနချုပ်ကို ဒီအတိုင်း အစီရင်ခံထားတယ်လေ၊ အခုဆိုရင် ကျုပ်ကိစ္စနဲ့ပတ်သက်ပြီး အဲဒီက ပုဂ္ဂိုလ်ကြီးများက လေ့လာနေကြတယ်လို့ ပြောတာပဲ၊ ကျုပ်ဟာ ပါတီဝင် တစ်ယောက်မဟုတ်ပါဘူး။ ဒါပေမယ့် ပါတီအတွင်းရေးမှူးက ကျုပ်ကို သတင်းစာကနေတစ်ဆင့် လူထုကို မေတ္တာရပ်ခံဖို့ အကြံပေးနေတယ်။ အဲဒါ ဘယ်လောက်ထိရောက်မယ် မထိရောက်မယ်တော့ မပြောတတ်ဘူး၊ ဘယ့်နှဲ့လဲ အကျိုးရှိပါ့မလား"

"ဒါကတော့ ဆရာ့အလုပ်ဟာ လူထုအကျိုးရှိအောင် လုပ်နေတာပဲ မဟုတ်လား" နာတာလ်ယာသည် စောစောက ရှက်နေသလိုလို ဖြစ်နေသော အမူအယာများမရှိတော့ဘဲ သွက်သွက်လက်လက်မေးလိုက်မိသည်။

"ဒါတော့ ဟုတ်တာပေါ့. . ." အိုဘဲလ်ယာနင်သည် တအောက်မျှ စဉ်းစားပြီးမှ ပြန်ပြောလေသည်။ "ကျုပ် လုပ်နေတာဟာ ရောဂါသည် လူမမာတွေအတွက်နဲ့ ကျုပ်တို့ အမျိုးသားလောကဓာတ်ပညာရပ် အတွက်ပါပဲ. . ."

mgyoe.com

mgyoe.com


"ဒီလိုဆိုရင် ဘာချိတုံချတုံ ဖြစ်နေစရာ လိုသေးသလဲ ဆရာ၊ ကျွန်မလို မိန်းမသားတစ်ယောက်ကတောင် ဒီလိုပြောနေဖို့မလိုပါဘူး၊ ဆရာလည်း စစ်ထဲဝင်ခဲ့ဖူးတာပဲ၊ ကိုယ့်ယုံကြည်ချက်ကို ဘယ်လို ခုခံကာကွယ်တိုက်ခိုက်ရမယ်ဆိုတာ ဆရာက ကျွန်မတို့ထက် ပိုသိနေပြီး သားပဲ"

အိုဘဲလ်ယာနင်သည် သူမကို အကဲခတ်သလို စူးစိုက်၍ကြည့်နေပြန်၏။ ပြီးမှ သူ့ခေါင်းက ဆံပင်ကို လက်ဝါးဖြင့် အသာအယာသပ်ကာ တစ်စုံတစ်ရာ ကျေနပ်နှစ်သိမ့်သွားဟန်တွေ့ရ၏။ သူ၏ နက်မှောင်၍ သွေးရောင်သမ်းနေဟန်ရှိသော မျက်လုံးအစုံတွင်လည်း ပူနွေး၍ နူးညံ့သည့် လက္ခဏာမျိုး ပေါ်လာပေသည်။

"ကဲပါလေ. . . ဒီလိုဆိုရင်လည်း ကောင်းပါပြီ. . ." သူ့အသံမှာ စောစောကထက် နူးညံ့၍ ပျော့ပျောင်းလာသည်။

"မင်း ဒီလိုအကြံပေးတာကို ကျေးဇူးတင်ပါတယ်။ ဒီလိုဆိုရင် ကိစ္စပြီးသွားတာပါပဲ၊ ကျုပ်ဆောင်းပါးကို မင့်ပဲ ပေးထားခဲ့မယ်။ ကျုပ် ဘယ်တော့လောက် ထပ်လာခဲ့ရမည်လဲ၊ ပြီးတော့ မင်းနာမည်လည်း ပြောလိုက်ပါဦး"

ထို့နောက် ဆရာဝန်သည် နာတာလ်ယာကို လက်ဆွဲနှုတ်ဆက်ကာ ဦးထုပ်ကို ကောက်ဆောင်းပြီး ထွက်သွားလေတော့သည်။ နာတာလ်ယာ မှာလည်း ပြတင်းပေါက်မှကျော်ကာ ဆရာဝန် အိုဘဲလ်ယာနင် ထွက်သွား သည်ကို ငေး၍ ကြည့်နေမိ၏။ ဧပြီလတွင် ရွာနေကျဖြစ်သော မိုးဖွဲ ကလေးသည် အိုဘဲလ်ယာနင်၏ ပခုံးကျယ်ကြီးပေါ်သို့ နှင်းဖြူကလေး များနှင့်အတူတူ ကျရောက်နေသည်ကို တွေ့မြင်ရသော်လည်း သူသည် သူ့လက်တွင်ပါလာသော ထီးကို ဖွင့်ဆောင်ရန်သော်လည်းကောင်း၊ ဟနေ သော အပေါ်အင်္ကျီကြယ်သီးများကို တပ်ရန်ကိုသော်လည်းကောင်း မေ့နေဟန်ရှိပေသည်။ နာတာလ်ယာ၏ စိတ်ထဲတွင် ဆရာဝန်သည် ခပ်ကြောင်ကြောင်ရှိသည်ဟု ယူဆမိသော်လည်း သဘောကျစရာ ကောင်းသော လူတစ်ယောက်ဟု ထင်မိသည်။

သူမသည် ဆရာဝန်ပေးထားသော ဆောင်းပါးကို ချက်ချင်းပင်

mgyoe.com

mgyoe.com


ကောက်ဖတ်လေသည်။ ဂရုတစိုက် ဖတ်ရင်းနှင့် တစ်ချောင်းပုဒ် တစ်ခု မပါသည်ကိုပင် သူမလုပ်နေကျတိုင်း အမှတ်မထင် ထည့်လိုက်မိသေး၏။ ဆောင်းပါးမှာ စိတ်ဝင်စားစရာကောင်းလှသည်ကို တွေ့ရ၏။ သို့ရာတွင် လယ်သမား သမာဓိလိုသတင်းစာအတွက်ဆိုလျှင် ဆောင်းပါးမှာ ရှည်လွန်းလှသည်ဟု ထင်မိ၏။ ထို့နောက် သူမသည် ဆောင်းပါးကို ဇာဇ်ယာလော့ဗ်၏ စားပွဲပေါ်တွင် ခါတိုင်းထားနေကျ နေရာ၌ တင်ထားလိုက်လေသည်။

သည်နေ့အဖို့ရာ၌ နာတာလ်ယာသည် ဘာ့ကြောင့်မှန်းမသိ အလိုလိုပျော်နေမိသဖြင့် သူမကိုယ် သူမပင် အံ့ဩနေမိ၏။ စိတ်ထဲကမူ နွေဦးပေါက်နံနက်ခင်း၏ သာယာသောအလှကြောင့်ဟု ထင်မိ၏။ သို့သော် ထို့ကြောင့်လည်း မဟုတ်ပါချေ။ ကောင်းကင်ပြင်မှာ အုံ့ဆိုင်းမှုန်မှိုင်းလျက် မိုးဖွဲများပင် ရွာနေလျှက်ရှိပေသည်။

(၄)

စာပြင်ဆရာမအသစ်ကလေး နာတာလ်ယာသည် သူမ၏ စာပြင်သောအလုပ်ကိုသာမဟုတ်ဘဲ အယ်ဒီတာအဖွဲ့၏ ရုံးခန်းနှင့် စက်ခန်းရှိအလုပ်များကိုပါ ဂရုတစိုက် စိတ်ပါဝင်စားမိလေသည်။ အားနေသောအချိန်များတွင် သူမသည် စက်ခန်းသို့ သွားရောက်ကာ စက်ရိုက်နေသည်ကို စောင့်ကြည့်လေ့ရှိသည်။ ဖြူဖွေးနေသော စာရွက်များကို တစ်ရွက်ချင်း ဆွဲယူလိုက်ပုံ၊ ပလ္လင်ပေါ်သို့ ခပ်လျှော့လျှော့ကလေး တင်လိုက်ပုံ၊ စာရွက်တင်ထားသော ပလ္လင်ပြင်သည် စာဖောင်နှင့်သွား၍ မျက်နှာချင်းအပ်ပုံ၊ ထို့နောက် လတ်ဆတ်သောမှင်နံ့ သင်းနေသည့် ရိုက်ပြီး စာရွက်အဖြစ် ပြန်လာကျပုံများကို ကြည့်နေမိသည်။ ထိုမှတစ်ဖန် မန်နေဂျာ၏အခန်းသို့လည်း သွားကြည့်ပြန်သည်။ ထိုအခန်းထဲတွင် ကြော်ငြာများကိုလက်ခံပုံ၊ သတင်းစာဖြန့်ချိပုံများကိုလည်းကောင်း၊ ဆောင်းပါးများကို နေသားတကျထားပုံ၊ သိုပုံ၊ ကလစ်နှင့်နေသားတကျ ဖြစ်အောင် ညှပ်ထားပုံ စသည်များကိုပါ ဂရုတစိုက် ကြည့်ရှုလေ့လာမိသည်။ မည်သို့ပင်ဖြစ်စေ စာစီခန်းမှာ သူမအဖို့ စိတ်ဝင်စားစရာ

mgyoe.com

mgyoe.com


အကောင်းဆုံး ဖြစ်နေပေသည်။

"ခင်ဗျား ကျွန်တော်တို့ကို လာကြည့်ပြန်ပြီပေါ့. . . ဟုတ်လား" ဟူ၍ ဆံပင်ဖိုးရိုးဖားရားနှင့် စာစီခန်းထဲမှ ကောင်ကလေးက ဆီး၍ ခပ်ရွှင်ရွှင်နှုတ်ဆက်လိုက်သည်။

"ဒီအခန်းနဲ့ ခင်ဗျားနဲ့ မကိုက်ဘူးဗျ၊ ခင်ဗျာ့လက်တွေ ပေကုန်မှာပေါ့. . ကျွန်တော်တို့အလုပ်က အမျိုးမျိုး ရှုပ်ယှက်ခတ်နေတာ. . . ပြီးတော့ ဒီအထဲမှာ ခဲမှုန့်တွေလည်းလွင့်နေတော့ ခင်ဗျားနဲ့ မနိုပ်ပါဘူးဗျာ"

အယ်ဒီတာအဖွဲ့၏ ရုံးခန်းမှနေ၍ စာစီသမားများကို "အလုပ်သမားလူတန်းစား" အဖြစ် သတ်မှတ်ထားလေသည်။ သို့သော်. . . ထိုသို့ သတ်မှတ်ခြင်းခံရသည်ကို အခြားရုံးလုပ်သားရှေ့တွင် ကြွားမနေကြရန် သတိပေးထားရသည်။

"မင်းပြောတာလည်းဟုတ်ပါတယ်၊ ဒါပေမယ့်. . . ငါ ပြင်လိုက်တဲ့ ပြင်ချက်တွေ ဘယ်လိုပြင်ပြီး ဘယ်လို စက်ပေါ်တင်တယ်ဆိုတာ လာကြည့်ရသေးတာပေါ့ကွဲ့." နာတာလ်ယာက ရှက်ပြုံးကလေးပြုံးကာ ပြန်ပြောရင်း လူလွတ်နေသောစာခုံတစ်ခုရှိရာ လျှောက်သွားကြည့်သည်။ "မင်း ငါ့ကို စာစီသင်ပေးရင် သိပ်ကောင်းမှာပဲ၊ ငါတို့ ငယ်ငယ်တုန်းက ငါ့ကို ဖေဖေက ပြောဖူးတယ်။ မင်းတို့တတွေဟာ ရောက်တဲ့နေရာမှာ တွေ့သမျှ အသက်မွေးဝမ်းကျောင်းအလုပ်ကို တတ်အောင်သင်ရမယ်တဲ့၊ သူပြောတဲ့အတိုင်း သူကိုယ်တိုင်ကလည်း ဘာမဆို အကုန်လုံးလိုလို လုပ်တတ်တာပဲ"

ကောင်ကလေးက သွားပေါ်အောင်ပြုံးကာ "ခင်ဗျားလည်း အလုပ်နဲ့ပတ်သက်လို့ ဇီဇာမကြောင်တတ်ဘဲကိုး၊ ဒီလို သဘောထားနိုင်ရင် မဆိုးပါဘူး၊ တကယ်တော့လည်း ခင်ဗျာ့အဖေပြောတာ အမှန်ပဲ"

နာတာလ်ယာသည် ကောင်လေးစကားပြောသည်ကို နားထောင်ရင်း စာခုံပေါ်မှ စာစီသောစတိတ်တစ်ခုကို ကောက်ကိုင်ကာ သူမ၏ တစ်သက်တွင် ပထမဆုံးအကြိမ်အဖြစ် စာစီကြည့်လေသည်၊ သူမသည် စာခွက်များထဲမှ လိုချင်သော စာလုံးကို ခဲခဲယဉ်းယဉ်းနှင့် တစ်လုံးပြီး

mgyoe.com

mgyoe.com

တစ်လုံး အချိန်အတော်ကြာအောင် ရွေး၍စီယူရသည်။ ခပ်စောစောက ကောင်ကလေးသည် နာတာလ်ယာ စာစီနေသည်ကို ကြည့်ကာ အခြား စာစီသမားများကို မျက်စပစ်ပြလိုက်ရာ အားလုံးကပင် ဝါးခနဲ ပွဲကျ သွားလေသည်။ နာတာလ်ယာကလည်း အကူအညီတောင်းသလို အမူအယာနှင့် ပြုံးရုံသာ ပြုံးပြလေသည်။

ကိုလ်ယာက နာတာလ်ယာကို ကူညီရန် ထလာသည်။

"ကဲ. . . ကဲ. . . ကျွန်တော် ပြပေးမယ်" ဟု သူက ဆိုကာ စာခွက်ထဲတွင် စာလုံးများထားသည့် အစီအစဉ်အနေအထားကို ပြောပြ၍ စာစီသောစတိတ်ကို ခဲစာလုံးများ ပြိုလဲမကုန်အောင် ကိုင်ပုံ ကိုင်နည်းကိုလည်းကောင်း၊ စီပြီးသားစာပိုဒ်များကို ကျွတ်မကျအောင် မည်သို့မည်ပုံကိုင်ရမည်တို့ကိုပါ ပြပေးသည်။

"ကျွန်တော်တို့ အလုပ်က သိပ်ခက်လှတယ်တော့ မဟုတ်ပါဘူး" ဟု ကိုလ်ယာကပြောရင်း ရှက်ကိုးရှက်ကမ်းအမူအရာဖြင့် စာပြင်ဆရာမကို မသိမသာမော့ကြည့်သည်။ "အရေးကြီးတာက ဘယ်စာလုံးဟာ ဘယ်ခွက်ထဲမှာ ရှိတယ်ဆိုတာ သိဖို့ပါပဲ၊ ဝါရင့်နေတဲ့ စာစီသမား ဟောင်းကြီးတွေဆိုရင် မျက်စိမှိတ်ပြီး စီနိုင်တာပဲ၊ တချို့များဆိုရင် စာလုံးရဲ့အလေးချိန်ကို မှန်းပြီးတော့တောင် ဒါ ဘာစာလုံးဆိုတာ အတိအကျပြောနိုင်တယ်"

နာတာလ်ယာသည် ကိုလ်ယာပြောသမျှကို ကျေးဇူးတင်သော မျက်နှာထားမျိုးနှင့် နားစိုက်ထောင်နေလေသည်။ မျက်နှာဝိုင်း၍ ပျော့ပျောင်းနူးညံ့သောဆံပင်များရှိသည့် ကိုလ်ယာသည် ဆံပင်များကို သူ့လက်ဖြင့်ပင် သပ်ကာ ဖြီးလေ့ရှိသည်။ သူသည် စကားနည်းသူ တစ်ယောက်ဖြစ်၏။ သို့သော်. . . ရံဖန်ရံခါ ဝါရင့်နေသော အလုပ်သမား များနှင့် ရုံးလုပ်သားများထံမှ ကြားဖူးသော ရယ်စရာမောစရာအဖြစ် အပျက် ပုံဝတ္ထုများကို ပြောပြတတ်ပေသည်။ သူ၏ ကျယ်ပြန့်လှသည့် ကိုယ်ခန္ဓာနှင့် တုတ်ခိုင်သော လက်ကြီးများကြောင့် ကြည့်ရသည်မှာ အချိုးအစားပုံပန်းမကျဘဲ ဖြစ်နေသော်လည်း၊ သူ၏ ပြာလက်သော မျက်လုံးအစုံတွင် ကြည်လင်၍ ကြင်နာတတ်သော အရိပ်အရောင်များ
mgyoe.com

mgyoe.com


သမ်းနေပေသည်။ သူ့ပါးပေါ်တွင် မကြာခဏ ဖြာခနဲ ကျလာတတ်သော ရှက်သွေးကလေးများကို ထောက်ရှု၍လည်း သူသည် စိတ်လှုပ်ရှားတတ်သူ စိတ်ထိခိုက်တတ်သူ တစ်ယောက်ဖြစ်ကြောင်း သိနိုင်ပေသည်။

တစ်နေ့တွင် နေ့လယ်စာစားချိန် အားလုံးလိုလို အပြင်ထွက်နေကြခိုက် နာတာလီယာသည် စာစီခန်းထဲရောက်နေရာမှ စက်ခန်းဘက်သို့ လှမ်းကြည့်လိုက်ရာ ကိုလ်ယာတစ်ယောက် ပြတင်းပေါက်ပေါင်ပေါ်တွင် ထိုင်ကာ ငါးကြော်နှင့် ပေါင်မုန့်ကိုစားရင်း စာအုပ်တစ်အုပ်ဖတ်နေသည်ကို တွေ့မြင်ရသည်။

ကိုလ်ယာကလည်း စာစီခန်းထဲသို့ နာတာလီယာရောက်နေသည်ကို မြင်လိုက်သည်နှင့် ချက်ချင်းပင် အနားသို့ရောက်လာကာ သူမစာစီသည်ကို စောင့်ကြည့်တော့သည်။ ခဏကြာလျှင် သူက ရှက်တရက် "ကဗျာတစ်ပုဒ်လောက် စီကြည့်စမ်းပါလား. . ." ဟု ကောက်ကာငင်ကာ ပြောလိုက်သည်။

သူမသည် အံ့အားသင့်သွားကာ ပြန်မေးလိုက်မိလေသည်။

"ဘာလုပ်ဖို့လဲ"

"ကျွန်တော် တစ်ခါမှ မကြားဖူးတဲ့ကဗျာတွေထဲက ခင်ဗျားရထားတာတစ်ပုဒ်လောက် သိချင်လို့ပါ. . ."

"ဒီမြို့က စာကြည့်တိုက်မှာ ကဗျာစာအုပ်တွေ ဘာတွေ မရှိဘူးလား"

"ရှိတော့ ရှိပါတယ်. . . ဒါပေမယ့် သိပ်နည်းတယ်။ ဒီမှာရှိတာတွေက စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေပဲ များနေတယ်။ ကဗျာစာအုပ်လည်း လုံးလုံးမရှိဘူးတော့ မဟုတ်ပါဘူး။ မိုက်ကယ်အိုက်ဆာကော့ဗ်စ်ကီတို့၊ ပရိုကိုဖိဗ်တို့၊ ဒီမစ်ထရီကက်ဒရင်တို့၊ ဆဗက်လော့တို့ရဲ့ ကဗျာတွေရှိပါတယ်။ ကျွန်တော်တော့ အဲဒီကဗျာတွေ အလွတ်တောင်ရနေတယ်။ ပြီးတော့. . . ဒီမှာ မဂ္ဂဇင်းတွေဘာတွေရဖို့ မလွယ်လှဘူး"

"ကိုလ်ယာ. . . ရှင် ကဗျာတွေဘာတွေ စပ်တတ်သလား"

"ဟာ မစပ်တတ်ပါဘူး" ကိုလ်ယာမှာ ရှက်တရက် ကြောင်သွားလေသည်။ "ကျွန်တော်က ဝါသနာပါရုံသာ ပါတာပါ. . . ဒါပါပဲ. . ."

mgyoe.com

mgyoe.com


ကဗျာစပ်ဖို့အချိန်လည်း ဘယ်ရမလဲ၊ ကျွန်တော်က ဒီကအလုပ်ဆင်းရင် ညကျောင်းသွားတက်ရသေးတယ်"

ထိုအခိုက် စာမူများသိမ်းသော ကောင်ကလေး ဝင်လာလေသည်။ ကိုလ်ယာသည် သူ၏စာအုပ်ကို ပြန်၍ကောက်ကိုင်ကာ ပြတင်းပေါက်ပေါင်ပေါ်တွင် ပြန်ထိုင်လိုက်၏။

နာတာလ်ယာသည် စာစီခန်းဘက်သို့ မနက်စောစော ရောက်နေလေ့ရှိ၍ ရုံးလုပ်သားများလာသည်အထိ ထိုအခန်းထဲမှာပင် နေတတ်လေသည်။ သူမသည် စာစီခန်းဘက်သို့ ရောက်နေသည်ကို အပတ်ဆဲ့ဗ်မမြင်စေလိုပေ. . .။ သူသည် သူမအပေါ် ကြင်ကြင်နာနာရှိ၍ လေးစားသင့်သူ တစ်ယောက်ပင် ဖြစ်သော်လည်း သူ့ကို နာတာလ်ယာ၏စိတ်ထဲတွင် တာဝန်ခံတစ်ယောက်အနေဖြင့် စိုးရွံ့စိတ်မရှိချေ။ သို့ရာတွင် သတင်းစာတိုက်သို့ စရောက်သည့်နေ့ကပင် အပတ်ဆဲ့ဗ်သည် စိတ်ဝင်စားစရာ အကောင်းဆုံး လူတစ်ယောက်ဖြစ်သည်ကို သတိပြုမိသည်။ သူမအဖို့ရာ၌ အယ်ဒီတာလုပ်သူသည် လိုသမျှစာမူကို ရေးပေးနိုင်သည်ဟု ယူဆစရာဖြစ်နေလေသည်။ သူ ခရီးထွက်ရာမှ ပြန်လာသည့်အခါတိုင်း မှတ်ဆိတ်မွေးများထူလပျစ်ဖြစ်လာကာ အမြဲတမ်းလိုလို ရေးစရာအကြောင်းအရာအသစ်များ ပါလာတတ်သည်။ တစ်ခါကဆိုလျှင် သူသည် ခရီးသွားရာမှပြန်ရောက်လာပြီး နေစားထားသော သူ့လက်များဖြင့် မိုးကာအကျႌကိုချွတ်ရင်းက ဇာဗ်ယာလော့ဗ်အား စိတ်အားထက်သန်စွာဖြင့် သူမြင်တွေ့သမျှကို ပြန်ပြောပြလေသည်။

"ကျုပ် 'နေထွက်ချိန်ဆိုတဲ့ စုပေါင်းလယ်ယာ' ကို ရောက်ခဲ့တယ်ဗျ၊ အဲဒီမှာ အနံ့လျှောက်ကြည့်ခဲ့တယ်။ အဲဒီက လူတွေကတော့ ကျုပ်ကို သတင်းစာဆရာလက်ဟောင်းကြီးဆိုတာ သိထားကြပုံရတယ်။ ခင်ဗျားတော့ သိမလားမပြောတတ်ဘူး။ စစ်ကြီးစဖြစ်တော့ ကျုပ်ဟာ တပ်မဟာတစ်ခုရဲ့ စစ်သတင်းထောက် ဝင်လုပ်ခဲ့သေးတယ်။ ပြီးတော့ အဲဒီနေထွက်ချိန် စုပေါင်းလယ်ယာဌာနကို နာဇီတွေ သိမ်းပိုက်ထားတုန်းက မီးရှို့ပစ်ခဲ့တာ ခင်ဗျားမှတ်မိသေးလား၊ အဲဒါကို အခု လယ်သမားတွေက ဘယ်လိုပြန်လုပ်ကြသလဲဆိုတော့ ခင်ဗျား. . . ကြည့်စမ်း၊ အဲဒီ

mgyoe.com

mgyoe.com


နားတစ်ဝိုက်မှာ မြေဖြူတောင်တွေရှိတယ်။ အဲဒါကို အုတ်လုပ်တဲ့ စက်တစ်ခုတည်ပြီး အဲဒီက မြေဖြူတွေနဲ့ မြေဖြူ အုတ်ခဲတွေလုပ်ကြတယ် အခုခင်ဗျားသွားကြည့်ရင် အဲဒီမှာ မြေဖြူအုတ်နဲ့ ဆောက်ထားတဲ့ အိမ်တွေတွေ့လိမ့်မယ် ပြီးတော့ အဲဒီမြေဖြူအုတ်တွေက မဆိုးဘူးဗျ၊ ကြာကြာလည်းခံတယ်။ အိမ်ကိုလည်း နွေးနေတာပဲ၊ နောက်တစ်ခုက မိန်းမတွေအနေနဲ့ သူတို့အိမ် သူတို့ ဆေးအသစ်သုတ်ဖို့ လိုလာပြီထင်ရင် ဘာမှအပင်ပန်း ခံမနေရတော့ဘူး၊ အိမ်နံရံမှာ တင်နေတဲ့ ဖုံတွေကို ရေနဲ့ ဆေးပြီး ဝက်မှင်ဘီးနဲ့ တိုက်ချလိုက်ရင် တစ်ခါတည်း အိမ်ကို အသစ်စက်စက်ပြန်ဖြစ်သွားတာပဲ၊ တကယ်ပါပဲဗျာ၊ ကျုပ်တို့ ရုရှားလူမျိုးတွေ ကတော့အကြံအစည်တကယ်ကောင်းတဲ့လူတွေပါပဲ. . . ကျုပ်တို့ နယ်ထဲကမိုဒါနာတို့၊ နက်ဇ်ဟီဂေါလ်တို့၊ လိုဗာတာ မြစ်ကမ်းခြေတွေမှာ နုံးတင်နေတဲ့ မြေဖြူတွေ တော်တော်များများရှိတယ်။ အဲဒါကို တခြားခရိုင်တွေကယူပြီး အသုံးချရမယ်ဆိုရင် ဖြစ်နိုင်တာပေါ့၊ ကျုပ် အဲဒါနဲ့ပတ်သက်ပြီး ‘ဒေသန္တရကုန်ကြမ်းများကို ပိုမိုအသုံးချရေး’ ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်စောင်ရေးဖို့စီစဉ်ထားတယ်။ ဖြစ်နိုင်ရင် အဲဒီအတွက် ဒုတိယမျက်နှာက တစ်နေရာရာမှာ နေရာချန်ထားပေးစမ်းပါဗျာ၊ ဘယ့်နှယ့်လဲ ရမယ်မဟုတ်လား”

အပတ်ဆဲ့ဗ်သည် ခရိုင်အတွင်း ဖြစ်ပျက်နေသော အခြေအနေများနှင့် အမြဲတမ်းထိတွေ့နေသူတစ်ယောက် ဖြစ်နေပေသည်။ မည်သည့်ကျေးရွာ ဆိုဗီယက်အဖွဲ့က စိတ်ဝင်စားစရာ အကောင်းဆုံးဆောင်းပါးများ ရေးပို့လေ့ရှိသည်ကို လေ့လာကာ စာပေရေးရာ အယ်ဒီတာဖြစ်သူဇစ်ခိုကို ထိုဒေသကို စေလွှတ်တတ်သည်။ ဆည်လိုမှမဟုတ်လျှင် နယ်သတင်းထောက်များထံ တယ်လီဖုန်းဆက်ကာ တာဝန်အမျိုးမျိုးပေးတတ်၏။ သူ့ထံသို့လည်း နေ့စဉ်နေ့တိုင်းလိုလို လူမျိုးစုံလာတွေ့ကာပြဿနာအမျိုးမျိုးတို့ကို တင်ပြပြောဆိုလေ့ရှိသည်ကို တွေ့ရသည်။ သကြားအရောင်တင်သောစက်ရုံမှလည်းကောင်း၊ စုပေါင်းလယ်ယာဌာနမှလည်းကောင်း၊ စိုက်ပျိုးရေးသမားများနှင့် အခြားအလုပ်သမားများသည်လည်းကောင်း၊ အယ်ဒီတာအပတ်ဆဲ့ဗ်ထံလာတွေ့ကြရာ၊ လာသမျှ လူ

mgyoe.com

mgyoe.com


တိုင်းကို အချိန်ယူ၍ လက်ခံတွေ့လေသည်။ သူတို့တင်ပြသမျှ ဒုက္ခ သုက္ခပြဿနာမှန်သမျှကိုလည်း သူ့ဆေးတံကြီးကို ဖွာကာဖွာကာနှင့် စိတ်ပါလက်ပါဖြင့် အာရုံစူးစိုက်နားထောင်တတ်ပေသည်။

(၅)

လကုန်ခါနီးတစ်နေ့တွင် နာတာလ်ယာသည် သူမ၏ သားကလေးနှင့်အတူ သတင်းစာတိုက်သို့ ရောက်လာသည်။ သူမ၏ သားကလေး တော်လ်ယာသည် သူ့အမေဘေးမှ ခပ်တည်တည်ကပ်၍ လိုက်ပါလာသည်ကိုတွေ့ရ၍ သူ့အမေလက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားကာ အသက်အောင့်ထားသလို ဖြစ်နေသည်။ ကောင်ကလေးမှာ အသက်လေးနှစ်ကျော် ငါးနှစ်ခန့်သာရှိသေးသော်လည်း လူကြီးဂိုက်ဖမ်းကာ သူ့အမေ၏ ပတ္တူလွယ်အိတ်ကို ခပ်တည်တည်နှင့် လွယ်ထားလေသည်။

တိုက်သို့ ရောက်သည်တွင် ကောင်လေးမှာ ထိုလွယ်အိတ်ကို လက်ကမချဘဲ ကြမ်းပေါ်တွင် တရွတ်တိုက်ဆွဲကာ အယ်ဒီတာရုံးခန်းထဲသို့ စွတ်ဝင်သွားတော့၏။ ဤတွင် နာတာလ်ယာက "ဟဲ့. . . သားသား. . . အဲဒီအခန်းထဲ မသွားရဘူး. . ." ဟု လှမ်းပြောရင်း ကလေးကို လိုက်ဆွဲလေသည်။ သို့သော် ကောင်ကလေးမှာ သူ့အမေလိုက်ဆွဲသည့်ကြားတည်းကပင် အော်ဟစ်ရုန်းကန်ကာ အခန်းထဲဝင်ပြေး၍ လန့်စင်းအဖုံးခင်းထားသော အယ်ဒီတာထိုင်သည့် ဆိုဖာပေါ်သို့ ကုတ်ကပ်တွယ်တက်လေသည်။ သို့ဖြစ်ရာ နာတာလ်ယာသည် အိတ်ထဲမှ သကြားလုံးတစ်လုံးကို ထုတ်ပြကာ ချော့မော့ခေါ်ယူရတော့သည်။ ဤတွင်မှ ကောင်ကလေးသည် လက်မှလွယ်အိတ်ကို လွှတ်ချပြီး သကြားလုံးကို လက်ဝါးကလေးများဖြန့်ကာ တောင်းတော့သည်။ သို့နှင့်ပင် နာတာလ်ယာသည် သူမ၏ သားကို ချော့မော့ခေါ်ယူရလေသည်။

"မင်းက ဒီလိုတော့လည်း အဟုတ်သားပဲကွ" ဟူ၍ စာရင်းကိုင်စာရေးက တော်လ်ယာကလေး၏ ပခုံးကိုပုတ်ကာ ခပ်ကျယ်ကျယ် အော်ပြောလိုက်ရာ နာတာလ်ယာက သူမ၏သားအား ထိုသို့ ချီးမွမ်းလိုက်သဖြင့် မျက်နှာကလေးရဲသွားကာ ရှက်ကိုးရှက်ကန်းနှင့် "ကလေးက သိပ်ဆိုး

mgyoe.com

mgyoe.com


တယ်ရှင့်" ဟု ပြောလိုက်ပြီးမှ တစ်ဖန်ဆက်ကာ "အဖေမရှိတော့လည်း ဒီလိုဖြစ်ရတာပဲ" ဟူ၍ အသံခပ်နိမ့်နိမ့်ဖြင့် ပြောလိုက်သည်။

"ဒါတော့ဗျာ. . . အမေတစ်ယောက်လုံး ရှိနေသေးတာပဲ၊ အမေက ပြုစုစောင့်ရှောက်ရင်လည်း ပြီးတာပါပဲ၊ ကြက်တွေဆိုရင် ဒီလိုပါပဲဗျ၊ ကြက်ကလေးတွေဟာ ကြက်မကြီးစောင့်ရှောက်လို့ ကြီးပြင်းလာရတာပါပဲ"

ထိုအခိုက် ကြားနေကျ ခြေသံတစ်ခု အခန်းထဲသို့ ဝင်လာသည်ကို ကြားရသည်။ အိုဒီကလုံးရေမွှေးနံ့ ထောင်းခနဲထကာ ရွှံ့စက်များစင်နေသည့်တိုင်အောင် တပြောင်ပြောင်တလက်လက်နှင့် အရောင်ထွက်နေသည့် ဘွတ်ဖိနပ်ကို စီး၍ ဇာဗ်ယာလော့ဗ်သည် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ သူက နာတာလ်ယာကို ပြုံး၍ လက်ဆွဲနှုတ်ဆက်ပြီးနောက် သူ၏ ကုတ်အင်္ကျီအထူကြီးကိုချွတ်ကာ ချိတ်တွင် သေသေချာချာ ချိတ်လိုက်သည်။ ထို့နောက် အစိမ်းပုတ်ရောင်ဘီးတစ်ချောင်းကို ထုတ်ကာ မွဲချောက်ချောက်ဖြစ်နေသော သူ့ဆံပင်များကို ဖြီးလိုက်ပြီးမှ ဘီးတွင် ကပ်နေသော ဆံပင်များကို မှုတ်ပစ်ကာ ဘီးကို သူ့အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ပြီးနောက် နာတာလ်ယာအား ရွှင်ရွှင်လန်းလန်းနှင့် နှုတ်ဆက်လေသည်။

"ဘယ့်နှယ့်လဲ နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"ကျုပ်တို့ သမာဓိသတင်းစာလည်း တစ်ပတ်ထက် တစ်ပတ် အမှား တော်တော်နည်းလာတာတွေ့ရတယ်. . . ဘယ့်နှယ့်လဲ မင်း သဒ္ဒါတက်တာကော မှန်မှန်တက်ဖြစ်ရဲ့လား. . ."

"ကျွန်မရဲဘော် မာ့ဇ်ဟာရော့ဗ်ဆီမှာ တစ်ပတ်ကို သင်ခန်းစာ ၂ ခါယူရပါတယ်။ ယခုဆိုရင် တော်တော်နေရာကျနေပါပြီ။ ကျောင်းမှာဆိုရင် ကျွန်မဟာ ဉာဏ်သိပ်မဆိုးပါဘူး၊ ကျွန်မမှာ တကယ်လိုနေတာက အထွေထွေ ဗဟုသုတရှိဖို့ပဲ လိုနေပါတယ်"

"ဒါဆိုရင် မဆိုးပါဘူး၊ ဗဟုသုတရဖို့ဆိုတာကတော့ မင့်အတွက် စိတ်ပူနေစရာမလိုပါဘူး"

mgyoe.com

mgyoe.com


နာတာလ်ယာသည် ဇာဗ်ယာလော့ဗ်နှင့် ပထမအကြိမ် စကားပြောခဲ့ပြီးသည့်နောက် သူနှင့်အတူ ရုပ်ရှင်သို့ နှစ်ကြိမ်၊ ကလပ်ကပွဲသို့ တစ်ကြိမ် သွားရောက်ခဲ့ဖူးပြီဖြစ်လေသည်။ ယခုဆိုလျှင် သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် စိတ်ဓာတ်ချင်း ညှိုင်ငင်ဆွဲဆောင်ထားသလို ဖြစ်နေကာ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိသလို ဖြစ်နေကြလေသည်။ ဤသို့ဖြစ်နေကြသည်ကိုလည်း တစ်တိုက်လုံးက ရိပ်စားမိနေလေသည်။ စင်စစ် ဘယ်အိမ်က ယနေ့ညနေစာအတွက် ဘာဟင်းချက်၍ ဘယ်အိမ်မှ ကြက်မက ကြက်ကလေး ဘယ်နှကောင်ပေါက်သည်ဆိုသည်ကိုပင် စကားထဲ ထည့်ပြောစရာဖြစ်နေသော ဤလိုအရပ်မျိုးတွင် သူတို့နှစ်ယောက်အကြောင်း အခြားသူများက ရိပ်စားမိကြခြင်းမှာ အထူးပြောနေစရာပင်မလိုပေ။

"နေပါဦး. . . ဒီကလေးက ဘယ်ကတုန်း" ဇာဗ်ယာလော့ဗ်သည် တော်လ်ယာကို ယခုမှ သတိပြုမိကာ ရုတ်တရက် အံ့သြသွားဟန်ဖြင့် မေးလိုက်သည်။ "ကျုပ်တို့အယ်ဒီတာအဖွဲ့ဝင် လူသစ်တစ်ယောက် ထင်တယ်. . . ဟုတ်လား"

"ဟုတ်တယ်၊ အခုမှ အသစ်ခန့်လိုက်တဲ့ လက်ထောက်အယ်ဒီတာလေ" ဟု ဆိုကာ စာရင်းကိုင်စာရေးက ခပ်တည်တည် ဝင်ပြောသည်။

"ဟာ. . . ဟုတ်သားပဲ၊ ကဲ ကဲ ဒီလိုဆိုရင် ကျုပ်တို့ချင်း ရင်းရင်းနှီးနှီးဖြစ်အောင် လုပ်ရမှာပေါ့"

တော်လ်ယာသည် မတ်တတ်ရပ်လျက် သကြားလုံးပတ်ထားသော စက္ကူကို လက်ဖြင့် လိမ်နေရင်းက အပတ်ဆဲ့ဗ်အား နက်မှောင်၍ ဝိုင်းနေသော သူ့မျက်လုံးများဖြင့် စိုက်၍ ကြည့်နေလေသည်။ ဇာဗ်ယာလော့ဗ်သည် ကလေးများနှင့် ပြောတတ်ဆိုတတ်သူတစ်ယောက်ဖြစ်ရာ သူသည် တော်လ်ယာဘက်သို့ကုန်းကာ ကလေးများကို စကားပြောသည့်အခါ ပြုံးနေကျအပြုံးမျိုးဖြင့် ပြုံး၍ မေးလေသည်။

"မင်း ဘယ်သူလဲ"

"ကျွန်တော် ဓနရှင်"

"ဘာပြောတယ်၊ ဓနရှင် ဟုတ်လား"

mgyoe.com

mgyoe.com


ဇာဇ်ယာလော့ဇ်သည် တကယ်ပင် အံ့အားသင့်သွားမိလေသည်။

"နေပါဦး၊ မင့်ကို ဒီလိုပြောဖို့ ဘယ်သူက သင်ပေးထားတာတုံး"

"ကုန်စုံဆိုင်က ကျွန်တော့်ဦးလေးက. . .၊ ကျွန်တော့်မှာ မိုးကာ ဖိနပ် အသစ်တွေရှိတယ်ဗျ"

တော်လ်ယာသည် ခပ်တည်တည်နှင့် မပြုံးမရယ်ဘဲ ပြန်ပြော လိုက်ပြီးနောက် သူ့ခြေထောက်ကလေးတွေတွင် စီးထားသော ကြက်ပေါင် ဖိနပ်အသစ်ကို ငုံ့ကြည့်လိုက်လေသည်။ အနားတွင် ရှိနေသူအားလုံး တစ်ယောက်မကျန် ဝါးခနဲ ပွဲကျသွားလေသည်။ နာတာလ်ယာ တစ်ယောက်သာလျှင် မရယ်ဘဲ ပြုံးရုံသာပြုံး၍

"ဒီမယ်. . . သားသား၊ မေမေနဲ့ သားသားတို့အကြောင်း လူမသိ စေချင်တာတွေ ရယ်စရာတွေ လျှောက်ပြောနေလို့ ဘယ်ဖြစ်မလဲ သားရဲ့" ဟု ဝင်ထောက်လိုက်သည်။

သူမ၏ စကားအဆုံးတွင် ဇာဇ်ယာလော့ဇ်သည် သဘောကျ သွားဟန်ဖြင့် ကလေး၏ပါးကလေးကို အသာအယာဆွဲလိမ်ပြီးနောက် သူ့ အခန်းထဲသို့ ဝင်သွားလေသည်။

မကြာမီ သူသည် နာတာလ်ယာကို အခန်းထဲသို့ခေါ်လေ၏။ သူသည် အခါအခွင့်သင့်တိုင်း သူမနှင့်တွေ့ရန် အကြောင်းရှာလေ့ ရှိပေသည်။ တိုက်တွင် အယ်ဒီတာအပတ်ဆွဲဇ်မရှိဘဲ သူက လုံးဝ တာဝန် ယူရသည့်အခါတိုင်း သူသည် စာပြင်ဆရာမကို သူ့အခန်းထဲတွင် တစ်နေ့လုံးလိုလို ခေါ်ထားတတ်သည်။ နာတာလ်ယာကလည်း သူ့အခန်း ထဲတွင် ရှိနေခိုက် ဆောင်းပါးများကို စာမျက်နှာခွဲပုံ၊ ဘလောက်များကို အဆင်ပြေအောင်ထည့်ပုံ စသည်ဖြင့် သူ့လုပ်ပုံလုပ်နည်းများကို စောင့်ကြည့်လေသည်။ ထို့ပြင် စာမျက်နှာအလိုက် ဆောင်းပါးများကို နေရာပေးပုံပေးနည်းကိုလည်းကောင်း၊ နယ်တွင် သတင်းထောက် စုစုပေါင်း ဘယ်နှယောက်ခန့်ထားသည်ကိုလည်းကောင်း၊ သူတို့ကို တိုက်မှ မည်သို့အကူအညီပေးသည်ကိုလည်းကောင်း စသည်များကို သိချင်နေပေ သည်။

"မင့်ကလေးဟာ ပျက်စီးတာတော့ တော်သေးတာပဲ" ဇာဇ်ယာ

mgyoe.com

mgyoe.com


လောဇ်သည် တော်လ်ယာကို ပွေ့ချီကာ ကုလားထိုင်တစ်လုံးပေါ်သို့ တင်လိုက်ရင်း ပြောသည်။ ပြီးနောက် သူသည် မနှစ်က အသုံးပြုခဲ့ပြီးသား ဖြစ်သော ဓာတ်ပုံအဟောင်းများကို ထုတ်ကာ ကလေးအား ကြည့်ရန် ပေးထားလေသည်။

"ဒါပေမယ့် သူ့ကို ကလေးကျောင်းမှာ ထားဖို့ သင့်ပြီထင်တယ်၊ နို့မို့ရင် မပျက်စီးသင့်ဘဲ ပျက်စီးသွားမှာစိုးရတယ်၊ အထူးသဖြင့် အခုလို နွေရာသီမှာဆိုရင် ပိုပြီး ကလေးတွေကို ဂရုစိုက်ဖို့လိုတယ်၊ ဒါထက် ကိုယ်တို့နှစ်ယောက် သစ်တောထဲသွားပြီး၊ ဘယ်ရီသီးတွေ ကောက်ကြဦး စို့လား. . . ဘယ့်နှယ့်လဲ၊ အခုအချိန်ဆိုရင် အဲဒီဘက်က သစ်တောတွေ ထဲမှာ မှိုတွေတောင်ပေါက်နေလောက်ပြီ"

သို့သော် နာတာလ်ယာသည် ဇာဗ်ယာလောဇ်၏ မေးခွန်းကို မဖြေဘဲ တမင်ရှောင်ပြီးမှ သူ့ကို ပြန်၍မေးလိုက်သည်။

"ကျွန်မ ရှင့်ကို တစ်ခုမေးမယ်လို့ဟာ အတော်တောင် ကြာသွားပြီ၊ ဟိုလေ. . . ဆရာဝန်ပေးထားခဲ့တဲ့ ဆောင်းပါးဟာ အဲဒါ ထည့်ဖြစ် မှာလား"

ဆရာဝန် ဆောင်းပါးလာပေးသွားသည်မှာ တစ်ပတ်ကျော်ကျော် ပင် ရှိသွားခဲ့ပြီဖြစ်၏။ ဇာဗ်ယာလောဇ်သည် ပုံနှိပ်ထားသော သတင်းစာ များ မျဉ်းတည့်မတည့်ကို ဂရုတစိုက်ကြည့်နေရင်းက "မထည့်ဖြစ်ပါဘူး" ဟု ဖြေလိုက်သည်။

"မထည့်ဘူး. . . ဘာဖြစ်လို့လဲ"

ဇာဗ်ယာလောဇ်ကို ကြည့်ရသည်မှာ တစ်ခုခုကို နက်နက်နဲနဲ စဉ်းစားနေသလို ဒါမှမဟုတ် အိပ်ချင်မူးတူး ဖြစ်နေသလိုလို ရှိလေသည်။ သူသည် အကြောင်းအရာတစ်ခုကို သိပ်စိတ်ဝင်စားမှု မရှိသည့်အခါမျိုးတွင် ဤသို့သော အမူအရာမျိုး ဖြစ်နေတတ်သည်။

"အိုဘဲလ်ယာနင်နဲ့ ပတ်သက်ပြီး လူတွေက ပြောကြတာ မင်းလည်း ကြားမှာပေါ့၊ ဒီလူက ပေါကြောင်ကြောင်ပဲ"

ဇာဗ်ယာလောဇ်က ပျင်းပျင်းရိရိနှင့်ပြောကာ သူ့လက်ထဲမှ နီပြာ ခဲတံကို ဂဏန်းများဖြင့်ရေးခြစ်ထားသော စာရွက်ပေါ်သို့ ပစ်ချလိုက်သည်။

mgyoe.com

mgyoe.com


"သူနှင့်ပတ်သက်ပြီး ကြားရသလောက်ဆိုရင် သူဟာ စစ်ကြီးမဖြစ်ခင်ကတည်းက လူတွေနဲ့မရောဘဲ သူ့တစ်ယောက်တည်း သပ်သပ်နေလာခဲ့တယ်ဆိုတာပဲ၊ ဘယ်လောက်များလူတွေနဲ့ ကင်းကွာသလဲဆိုရင် သူ့အိမ်က ကြမ်းကို သူကိုယ်တိုင် တိုက်တယ်။ သူ့အင်္ကျီကော်လာကို သူ့ဟာသူ ကော်တင်တယ်။ ကဲ အဲဒီတော့ ဒါမျိုးကို ယဉ်ကျေးမှုလို့ ခေါ်လို့ ဖြစ်မလား၊ သူ့အမေပြောသမျှ တစ်လုံးမကျန် လိုက်လုပ်ရတယ်ဆိုတာက သူ့မှာ စဉ်းစားဆင်ခြင်တတ်တဲ့ ကိုယ်ပိုင်ဉာဏ်မရှိတော့ဘူးလား၊ သူနဲ့လက်ထပ်ဖို့ကြောင်းလမ်းထားတဲ့ မိန်းကလေးတစ်ယောက် မိုဒန့်စ်မြို့မှာရှိတယ်။ အဲဒါ သူ့အမေ သဘောမတူလို့ဆိုပြီး ဒီကောင်မကလေးကို မယူဘဲနေခဲ့တယ်။ အဲဒီတော့ နောက်ဆုံး ကောင်မလေးအနေနဲ့ သူ့ထက်အသက်တော်တော်ကြီးနေတဲ့ စစ်တပ်က ဗိုလ်မှူးကြီးတစ်ယောက်နဲ့ လက်ထပ်လိုက်ရရှာတာပေါ့၊ ဒီလိုလူမျိုးကို မင်းက ဉာဏ်ကောင်းတဲ့လူ ပညာရှိတဲ့လူလို့ ယူဆမလား၊ ကိုယ်ကတော့ ထုံးစံအတိုင်း သူ့ဆောင်းပါးကို ဝါဒဖြန့်ချိရေးဌာနက မိုလိုကိုယ်ဒေါ့ဗ်ကို ပြကြည့်ပါတယ်။ အဲဒါ သူက ဒီတိုင်းထားပါဦးဆိုတာနဲ့ ကိုယ်လည်း ဒီလိုထားတာပါပဲ၊ ဒီကိစ္စမှာ ကိုယ်က တမင်သက်သက် ကိုယ့်သဘောတစ်ခုတည်းနဲ့ လုပ်တာ မဟုတ်ပါဘူး"

"ဒါပေမယ့် မထည့်ဘဲ ဒီတိုင်းထားတာက ဘာဖြစ်လို့လဲ" ဟု နာတာလ်ယာက အံ့အားသင့်ဟန်ဖြင့် မေးပြန်သည်။

"ဆရာဝန်ရဲ့ဆောင်းပါးထဲမှာ ပါတဲ့အချက်အလက်တွေက မခိုင်လုံလို့လား"

"ဒီကိစ္စက သိပ်နက်နဲတယ် နာတာလ်ယာ၊ အိုဘဲလ်ယာနင်က ကျန်းမာရေးဌာနကို အပြစ်ဆိုထားတယ်၊ ဒါပေမယ့် ဒီမှာရှိတဲ့လူတွေက သူ့ထက်ပိုပြီး အသိဉာဏ်ရှိနေကြတယ်မဟုတ်လား၊ ဥပမာဆိုပါတော့ တာဝန်ခံလုပ်နေတဲ့ ထရိုဖင်ချိကော့ဗ်ဆိုတာလည်း ဆေးဘက်ဆိုင်ရာ ဆရာဝန်တစ်ယောက်ပဲ၊ ပြီးတော့ အိုဘဲလ်ယာနင်ထက်ပိုပြီး တာဝန်ကြီးတယ် မဟုတ်လား၊ ဒါပေမယ့် မှန်တာပြောရရင် အိုဘဲလ်ယာနင်ဟာ တကယ့်လူတော်တစ်ယောက်ပါဆိုတာ ဘယ်သူက သေသေချာချာ ဆိုရဲ

mgyoe.com


သလဲ၊ ကဲ ပြောစမ်းပါဦး၊ သူနာပြုဌာနက ရှုမီအန်ဆဲ့ဗ်ဆိုတဲ့ တာဝန်ခံ တစ်ယောက်ကဆိုရင် သူနဲ့ပတ်သက်ပြီး တော်တော်ကို စိတ် အနှောင့် အယှက်ဖြစ်နေတယ်လို့ ကြားရတယ်။ ထားပါတော့ ဒါတွေ မှားချင်လည်း မှားလိမ့်မယ်၊ ဒီကြားထဲမှာ ကိုယ်တို့ သတင်းစာက ဘယ်နေရာက ဝင်ပါရမယ်ဆိုတာ စဉ်းစားကြည့်စမ်း၊ အကောင်းဆုံးကတော့ ကိုယ်တို့ လုပ်စရာရှိသမျှကို ခါတိုင်းလိုပဲ လုပ်သွားတာ ကောင်းပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ဆေးဌာနချုပ်ကပဲ အဆုံးအဖြတ်ပေးပါလိမ့်မယ်"

"ဒါဖြင့် နေပါဦး၊ တကယ်လို့ ဆရာဝန်ကမှန်နေရင် ဘယ့်နှယ့် လုပ်မလဲ၊ တကယ်လို့ ကျန်တဲ့လူတွေဟာ ကြီးနိစနစ်ကိုသုံးပြီး သိပ္ပံပညာရဲ့ အကျိုးတရားကို ဖျက်ဆီးပစ်ရာ ရောက်နေရင် အဲဒါမျိုးကျတော့ ကျွန်မတို့ သတင်းစာက လူထုနဲ့ ဘယ်လိုရင်ဆိုင်မလဲ. . ."

ဇာဗ်ယာလော့ဗ်သည် စာပြင်ဆရာမကလေး နာတာလ်ယာ၏ လက်တစ်ဖက်ကို သူ့လက်ဝါးတစ်ဖက်ဖြင့် အသာအယာအုပ်၍ ကိုင်ထား ရင်း "ဒါကတော့ မင်းစိတ်ထဲက တွေးပြီး လန့်နေလို့ပါ၊ ဒီလိုဖြစ်ရတာ လည်း မင်းအတွက်တော့ သိပ်သနားစရာကောင်းနေပြီ" ဟု ပြုံးရယ်ကာ ပြောလိုက်သည်။

"တစ်ခု ကိုယ်ပြောချင်တာက ကိုယ်တို့သတင်းစာရဲ့ အဓိက ရည်မှန်းချက်ဟာ ဒီခရိုင်အတွင်းမှာ အစစအရာရာ အကောင်းဆုံး ဖြစ်အောင် အလင်းရောင်ပြပေးဖို့ ရှေ့ဆောင်ဖော်ပြသွားဖို့ပဲ၊ အကောင်းဆုံး လယ်သမားတွေဖြစ်အောင်၊ အကောင်းဆုံးစက်ရုံအလုပ်သမားတွေ ဖြစ်လာအောင်၊ အလုပ်ခွင်အခြေအနေတွေ တိုးတက်လာအောင်၊ စီးပွားရေး အရ ချောင်လည်လာအောင်၊ ထွက်ကုန်တွေပိုများလာအောင် ဒါတွေ အတွက် လမ်းမှန်ကိုပြသွားနိုင်ဖို့လိုတယ်။ ရပ်ထဲရွာထဲမှာဖြစ်နေတဲ့ အချင်းချင်း စကားများကြတာတွေ၊ ရန်ဖြစ်ကြတာတွေကို လိုက်ပြီးဖာတဲ့ ထေးတဲ့သဘောမျိုးနဲ့ လျှောက်ရေးနေဖို့ ကိုယ်တို့မှာ တာဝန်မရှိဘူး။ ဒီလိုသာ ရေးထည့်နေရမယ်ဆိုရင် 'သမာဓိ' ဆိုတဲ့နာမည်နဲ့ စာအုပ် ထုတ်ဖို့ပဲ ရှိတယ်"

"ဒါတွေကို ကျွန်မ အားလုံးသဘောပေါက်ပါတယ်။ ဒါပေမယ့်

mgyoe.com

mgyoe.com


ကျွန်မတို့မှာ ပြင်စရာတွေအများကြီး လိုသေးတယ်မဟုတ်လား၊ ကျွန်မတို့ အသိုင်းအဝိုင်းထဲမှာတင် အချင်းချင်း ကျေနပ်နေလို့ မဖြစ်ဘူး။ ကျွန်မတို့ အထဲမှာ ဖရိုဖရဲဖြစ်နေတာ ချို့ယွင်းနေတာတွေ့ရင် ဒါတွေကို ရှင်းပစ်ဖို့ ပြင်ပစ်ဖို့လိုတယ် မဟုတ်လား၊ ဘယ့်နှယ့်လဲ ကျွန်မ ပြောတာ၊ ပြီးတော့ ဒေါက်တာအိုဘဲလ်ယာနင်ရဲ့ အသားမျှင်တွေကို ခွဲစိတ်ကုသတဲ့အကြောင်း ဆောင်းပါးထဲမှာ ကျွန်မတွေ့ရသလောက်က အသစ်အဆန်း" နာတာလ်ယာသည် အနားမှ စက္ကူတစ်ရွက်ကို ဖြန်းခနဲ ဆုတ်ပစ်သံကို ကြားရသဖြင့် ပြောလက်စစကားကိုဖြတ်၍ အသံကြားရာ လှည့်ကြည့်လိုက်မိသည်။

တော်လ်ယာသည် သူ့လက်ထဲတွင် ကိုင်ထားသော စာရွက်တစ်ရွက်ကို အမှတ်တမဲ့ ဆွဲဆုတ်ပစ်လိုက်လေသည်။ သူသည် သူ့အမေ့လက်ကို တစိမ်းတရံစာ လူတစ်ယောက်က ပိုင်ပိုင်နိုင်နိုင်ကိုင်ထားသည်ကို အံ့သြသည့် လက္ခဏာဖြင့် အတန်ကြာစိုက်ကြည့်နေမိ၏။ သူ့အမေက သူမ၏ လက်ကို ကိုင်ထားသူအား ဘာကြောင့်နှင်မပစ်သည်ကို သူ မစဉ်းစားတတ်၊ သည်လူကြီးကို ကြည့်ရသည်မှာ သူ့အမေကို ပို၍ ပူးပူးကပ်ကပ်ဖြစ်အောင် လက်ကို ဆွဲထားသလိုလို ထင်ရသည်။

နာတာလ်ယာသည် ပျာယီပျာယာဖြင့် တော်လ်ယာကို ကောက်ချီကာ ပေါင်ပေါ်တွင် ထိုင်ခိုင်းထားလိုက်သည်။ ဇာဗ်ယာလော့ဗ်မှာ သူတို့နှစ်ယောက် စကားကောင်းနေရာမှ အခြေပျက်အနေပျက်ဖြစ် သွားရသည်ကို အောင့်သွားဟန်ရှိလေသည်။ သို့ရာတွင် ဣန္ဒြေမပျက် ကလေးကို ဟန်ဆောင်၍ ပြုံးပြရင်းက "ဟော့ ခနရှင်ကလေး၊ မင်းတို့သတင်းစာကို ဆုတ်ပစ်တာပေါ့ ဟုတ်လား၊ ပြည်သူပိုင်ပစ္စည်းကို ဒီလို မလုပ်ရဘူးကွ၊ ကြည့်စမ်း၊ မင်း ငါ့ကို မကြောက်ဘူးလား ဟုတ်လား၊ အလကားပြောတာပါကွာ မင်းကို ကစားတာပါ" ဟု ဆိုကာ တော်လ်ယာ၏ ပါးကလေးကို အသာအယာ ဆွဲလိမ်လိုက်လေသည်။

(၆)

နှင်းကြွင်း နှင်းကျန်များမှာ ယခုအခါ လုံးဝ အစရှာမရအောင်

mgyoe.com

mgyoe.com

ပျော်ကျစီးဆင်းသွားခဲ့လေပြီ။ နွေဦးရာသီမှာလည်း လေရူးနှင့်အတူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီဖြစ်၏။ ရံဖန်ရံခါ မိုးသားတိမ်တိုက်များပင် မဲမှောင်ယှက်သန်းကာ လျှပ်စီးများ တလက်လက်ဖြင့် မိုးကြိုးထစ်ချုန်းသံများကို ကြားရပြီးနောက် မိုးပေါက်ကလေးများ တဖွားဖွားရွာသွန်းစပြုလာပြီဖြစ်လေသည်။ မိုးမခပင်နှင့် အခြားသစ်ပင်ကြီးများမှာလည်း အခက်အလက်များ စိမ်းစိုသော အရွက်များဖြင့် လမ်းများပေါ်တွင် ယှက်သိုင်းလွှမ်းခြုံထားကြလေရာ အားလုံးသော အရာဝတ္ထုများမှာ စိမ်းစိုသစ်လွင်နေကြလေသည်။ ရွာနောက်ဖေးဘက်ရှိ တောတန်းများထဲမှ ဂျိုးငှက်များ၏ တွန်ကျူးသံများကိုပင် ကြားနိုင်ကြလေပြီ။

'လယ်သမားသမာဓိ' သတင်းစာမှာ တစ်ပတ်လျှင် နှစ်ကြိမ်ထုတ်သော သတင်းစာဖြစ်၏။ တနင်္ဂနွေနေ့ထုတ် သတင်းစာထွက်ပြီးပြီဆိုလျှင် အားလုံးလိုလိုပင် ခြေကုန်လက်ပန်းကျကာ ကြိုးကြိုးစားစား မလုပ်ကြတော့ဘဲ နောက်တစ်နေ့တနင်္လာနေ့ရောက်လျှင် ခါတိုင်းနေ့များထက် စော၍ အလုပ်ဆင်းကြရာ ရုံးခန်းမှာ ခြောက်ကပ်၍ ကျန်ခဲ့လေသည်။

နာတာလ်ယာ အိမ်ပြန်သောအခါ နေပင်မဝင်သေးဘဲ အလင်းရောင်များ ရှိနေသေး၏။ လမ်းတစ်ဘက်ကို ဖြတ်ကူးလိုက်သောအခါ နေ့လည်စာများရောင်းချသော ဆိုင်အနီးတွင် ဆရာဝန် အိုလဲလ်ယာနင်ကို တွေ့ရလေသည်။ သူသည် ပန်းခြံတစ်ခု၏ဘေးတွင် ကပ်၍ ရပ်နေကာ တစ်စုံတစ်ယောက်ကိုစောင့်နေသလိုလို သို့မဟုတ် သက်သက် လေကောင်းလေသန့် ထွက်၍ ရှူနေသလိုလို ထင်မှတ်ရလေသည်။ နာတာလ်ယာသည် ထိုအခိုက်မှာပင် ရုတ်တရက် ဆရာဝန်အိုဘဲလ်ယာနင်၏ ရုပ်ရည် သနားကမားရှိပုံကို သတိထားမိကာ အဘယ်ကြောင့် သားမယားမရှာဘဲ တစ်ကိုယ်တည်းနေလာခဲ့သည်ကို အံ့ဩမိသည်။

ပန်းခြံအနီးသို့ ရောက်သွားသောအခါ နာတာလ်ယာကို အိုဘဲလ်ယာနင်က လှမ်း၍ မြင်လိုက်ရာ သူ၏ကတ္တီပါဦးထုပ်ကိုချွတ်၍ နာတာလ်ယာရှိရာသို့ လျှောက်လာလေသည်။

"ဘယ့်နှယ် နေကောင်းရဲ့လား၊ နာတာလ်ယာ"

mgyoe.com

mgyoe.com


သူမသည် လမ်းသွားနေရာမှ ရပ်လိုက်ကာ နူးညံ့သိမ်မွေ့သော အပြုံးကလေးဖြင့် ဆရာဝန်ကို ပြန်ကြည့်လိုက်လေသည်။

"သတင်းစာတိုက်က ပြန်လာသလား" ဟု သူက မေးသည်။

"ဟုတ်ကဲ့. . . အလုပ်က ပြန်လာပါတယ်"

"မင်းကိုတော့ အနှောင့်အယှက် ပေးတယ်လဲ မထင်စေချင်ဘူး၊ ဒါပေမယ့် မင်းက ခွင့်ပြုမယ်ဆိုရင် မင်းနဲ့အတူ လမ်းလျှောက်ရင်း ခဏ လိုက်လာပြီး စကားပြောချင်သေးတယ်"

"ကိစ္စမရှိပါဘူး၊ ပြောနိုင်ပါတယ်၊ လိုက်ခဲ့တာပေါ့"

သူတို့နှစ်ယောက်သည် သစ်သားခင်းထားသော လမ်းကလေး အတိုင်း လျှောက်လာခဲ့ကြသည်။ စိမ်းလန်းသော မြက်ပင်ကလေးများမှာ သစ်သားချင်း ဆက်စပ်ထားသည့် အကြားမှ ထိုးထွက်ပေါက်ရောက်လျှက် ရှိကြ၏။ ကြည်လင်တောက်ပသော နေရောင်သည် လမ်းဘေးရှိ ဆေးဆိုင်မှ မှန်ပြတင်းပေါက်များပေါ်သို့ ရွှေရောင်နှင့် အပြာရောင်များ ရောယှက် ကျရောက်နေလေသည်။ စာကလေးများမှာလည်း သံအမိုးဘောင်အောက်ရှိ တံစက်မြိတ်များပေါ်တွင် ဆူဆူညံညံဖြင့် အချင်းချင်းရန်ဖြစ်ကာ စိုးစိုးစီစီ အသံကလေးများဖြင့် ညံစီနေကြလေသည်။ ညနေခင်း၏ လေပြေလေညှင်း မှာလည်း ချယ်ရီပန်းရနံ့များဖြင့် သင်းပျံ့ကြူမွှေးလျှက်ရှိနေပေသည်။

နာတာလီယာမှာ ဆရာဝန်ကို ယခုကဲ့သို့ လာတွေ့နေရသည့် အတွက် စိတ်ထဲကကျေနပ်မိသော်လည်း အခြားတစ်ဘက်မှ သူ့ဆောင်းပါးနှင့် ပတ်သက်၍ အားတုံ့အားနာဖြစ်မိသည်။ သို့ဖြစ်၍လည်း သူမသည် တစ်ခုခု အမှားအယွင်းပြုလုပ်မိသည့် ကျောင်းသူကလေးတစ်ယောက်ပမာ ပျာပျာသလဲ ရှင်းပြနေမိသည်။

"ဆရာ့ဆောင်းပါးနဲ့ ပတ်သက်လို့ ကျွန်မတို့တိုက်အုပ်ဆီက ပြန်စာတော့ရပြီမဟုတ်လားဆရာ. . . အဲဒါ မထည့်နိုင်ဘူးလို့ ပြောတာပဲ တကယ်ကျတော့လည်း ကျွန်မတို့လို သတင်းစာကလေးအတွက် ဆရာ့ ဆောင်းပါးက သိပ်ရှည်လွန်းတယ် ဆရာ၊ အဲဒါအတွက် ကျွန်မလည်း သိပ်စိတ်မကောင်းဖြစ်မိတာပဲ၊ ဆရာ့ဆောင်းပါးကို ဆရာပေးခဲ့တဲ့နေ့ကပဲ ချက်ချင်း ရဲဘော်ဇာဗ်ယာလော့ဗ်ကို ပေးလိုက်ပါတယ်. . . နောက်မှ

mgyoe.com

mgyoe.com

အကျိုးအကြောင်းမေးကြည့်တော့. . . ယခုပြောတဲ့အတိုင်း သိရတာပဲ ဆရာ"

ဆရာဝန်ကမူ ထုံးစံအတိုင်း စကားမပြောဘဲ အတန်ကြာအောင် ငြိမ်သက်စွာ လျှောက်လာလေသည်။ ထိုသို့လျှောက်လာရင်းက တစ်ချက် တစ်ချက်တွင် ရေညှိများဖုံးနေသော ပန်းခြံနံရံများကိုလည်းကောင်း၊ သကြားပင်များပေါ်တွင် ဝေဝေဆာဆာ ဖူးပွင့်နေကြသော ပန်းပွင့် နီနီ ရဲရဲများ အကြားမှ မြင်တွေ့နေရသည့် ဟာလာဟင်းလင်းဖွင့်ထားသော ပြတင်းပေါက်များကိုလည်းကောင်း မသာယာသော မျက်နှာဖြင့် လှမ်း၍ လှမ်း၍ ကြည့်လေသည်။ ရံဖန်ရံခါ ခါးကြောများကို ဆန့်ကာ သူ၏ နှုတ်ခမ်းမွှေးများကို သပ်၍လာလေသည်။

"ဒါနဲ့ ပတ်သက်ပြီး မင်း ဒုက္ခခံဆောင်ရွက်ပေးတာကို ကျေးဇူး တင်ပါတယ် နာတာလ်ယာ. . . မင်းတို့ တိုက်အုပ်က ကျုပ်ကို တယ်လီဖုန်းနဲ့ လှမ်းပြောပါတယ်။ သူ့နာမည်က ပေါ့ဗ်ယာလော့ဗ်ဆိုလားပဲ၊ အဲ. . . သူနဲ့ ပြောရပါတယ်. . . သူပြောတဲ့ စကားလုံးအတိုင်း အတိအကျ ကျုပ် မှတ်မိသလောက်ဆိုရင် ဆောင်းပါးရဲ့ အကြောင်းအရာကတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်တဲ့၊ ဒါပေမယ့် အငြင်းပွားစရာတွေ ပါနေတယ်တဲ့၊ ဒါကြောင့် သတင်းစာထဲမှာ မထည့်နိုင်ဘူးတဲ့၊ ဒါကို တိုင်း ဆေးဌာနချုပ်နဲ့ဆက်ပြီး ဆွေးနွေးပါတဲ့" ဟု ပြောကာ အိုဘဲလ်ယာနင်သည် နာတာလ်ယာ၏မျက်နှာကို တည့်တည့်လှမ်း၍ကြည့်လိုက်ပြီးမှ "ဒါဟာ ကျုပ်အတွက် ဘယ်လောက်အောင့်သွားတယ်ဆိုတာ မင်း စဉ်းစား ကြည့်စမ်း၊ ဒါမျိုးကိုမှ မထည့်ရင် ဘယ်လိုဟာတွေ သွားထည့်မလဲ၊ တစ်ခါ လာလည်း ဘယ်စုပေါင်း လယ်ယာဌာနမှာ ဘယ်နေ့ အသီးအနှံတွေ ဘယ်လောက် ရိပ်သိမ်းလိုက်ခြင်း၊ သကြားအရောင်တင်စက်ရုံတွင် အစည်းအဝေးကျင်းပခြင်း. . . ဆိုတဲ့ သမားရိုးကျ သတင်းတွေလောက် တွေ့နေရတာပဲ. . . ဒါကြောင့် ကျုပ်တို့ဆေးရုံမှာ ဒီသမာဓိသတင်းစာကို လုံးလုံးမဖတ်ကြသလောက် ဖြစ်နေတာဟာ ဘာမှမထူးဆန်းဘူး၊ ကျုပ်တို့နဲ့ ပတ်သက်လို့ ဖတ်စရာတစ်ခုမှ မပါဘဲကိုး။ ကျုပ်တို့တတွေဟာ တိုင်းပြည် အတွက် အလုပ် လုပ်နေကြတယ်။ ကျုပ်တို့မှာ တစ်ဦးချင်း ကိုယ့်ဘဝရဲ့

mgyoe.com

အတွေ့အကြုံနဲ့ ကိုယ်ရှိနေကြတယ်။ အဲဒီတော့ ဒါတွေကို ကျုပ်တို့လို ဆေးဘက်ဆိုင်ရာလူတွေက လူထုကိုဖြန့်ချိပေးဖို့ရာ ဘာစိုးရွံ့နေစရာ လိုလို့လဲ. . . ကျုပ် ယူဆမိသလောက်ဆိုရင် ခရိုင်ဆေးဌာနချုပ်ဟာ အသားမျှင်တွေကို ခွဲစိတ်ကုသပြီး အစားထိုးတဲ့ နည်းစနစ်နဲ့ ပတ်သက်လို့ ထိထိရောက်ရောက် မလေ့လာဘဲ ပေါ့ပေါ့ဆဆ သဘောထားတယ် ဆိုတာ ရှင်းနေတာပဲ၊ မိုဒန့်စ်မှာတုန်းကလည်း ဒီလိုပဲ၊ အဲဒီတုန်းကလည်း ဒါနဲ့ ပတ်သက်ပြီး သူတို့ကို အရင်ကတည်းက တင်ပြခဲ့တာရှိတယ်။ ဒါပေမယ့် အဲဒီက ဆရာကြီးတွေကလည်း ဒီကိစ္စကို လေ့လာနေပါတယ် ဆိုပြီး ဒီကြားထဲမှာ ဘာမှ အကြောင်းမပြန်ကြဘူး၊ အခု ကျုပ် ပြောပြနေ တာတွေဟာ မင်းကို ဆွေးနွေးတဲ့သဘောနဲ့ ပြောပြတာနော်၊ အဲဒါ ကျုပ် မှားနေတာရှိရင်လည်း ဘယ်နေရာမှာ မှားတယ်ဆိုတာ ထောက်ပြပေါ့ ဟုတ်လား"

နာတာလ်ယာမှာ ဆရာဝန့်စကားများကို နားထောင်ရင်းက ပို၍ စိတ်မချမ်းမြေ့ခြင်း ဖြစ်မိလေသည်။ ထိုဆောင်းပါးအပယ်ခံရခြင်း အတွက် သူမသည်ပင် အပြစ်တင်စရာဖြစ်နေပြီလိုလို ထင်ယောင်လာ မိသည်။ မည်မျှလောက် စိတ်မချမ်းမြေ့ဖြစ်မိသနည်းဟူမူ သူ့သားကလေး စိတ်သက်သာအောင်လုပ်သည့်အခါမျိုးတွင် လုပ်လေ့ရှိသည့်အတိုင်း ဆရာဝန်၏ လက်မောင်းအား အသာအယာ ညင်သာစွာကိုင်တွယ်လာမိ သည်ကိုပင် သူမ သတိမထားမိဘဲ ဖြစ်နေပေသည်။

"ဒါနဲ့ ပတ်သက်လို့တော့ သိပ်စိတ်ထိခိုက်မနေပါနဲ့ ဆရာ၊ တစ်မျိုးတစ်ဖုံတော့ ဖြစ်ကောင်းဖြစ်လာပါလိမ့်ဦးမယ်၊ ကျွန်မဖေဖေ ပြောလေ့ပြောထရှိသလို ပြောရမယ်ဆိုရင် လူတစ်ယောက်ဟာ ကျန်းမာ နေသမျှ ကာလပတ်လုံး မျှော်လင့်ချက်ဆိုတာဟာ မကုန်ဆုံးနိုင်ပါဘူး ဆရာ"

အိုဘဲလ်ယာနင်သည် ပခုံးကြောများကို တစ်ချက်မျှ ဆန့်လိုက် ပြီးမှ "မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင်. . . ဒါနဲ့ ပတ်သက်ပြီး ကျုပ် စိတ် အတော်ထိခိုက်မိတယ်။ ပါတီအတွင်းရေးမှူးက ကျုပ်ကို ဒီဆောင်းပါး ရေးဖို့ တိုက်တွန်းတာရော ကျုပ်ကလည်း တကယ့်လူငယ်ကလေး

mgyoe.com

mgyoe.com

တစ်ယောက်လို သူခိုင်းတဲ့အတိုင်း ရေးမိတာကို ကျုပ် သိပ်ဝမ်းနည်းမိတယ်။ ကျုပ်ဟာကျုပ် စိတ်ကူးယဉ်ပြီး ဒီဆောင်းပါးရေးလိုက်ပြီးရင် ဆေးဌာနချုပ်မှူးဟာ ကျုပ်ကို လူပေါ်လူကြောင် သမားတုသမားယောင် ရယ်လို့ မခေါ်တော့ဘူး ထင်မိတယ်။ ဒါတွင်မကသေးဘူး၊ ကျုပ်အတွက် ခေတ်ခွဲခန်းတစ်ခုလုပ်ပေးလိမ့်မယ်၊ ဆေးရုံမှာ လူနာတွေခုတင်တွေလည်း ထပ်တိုးလာလိမ့်မယ်လို့ ထင်ခဲ့မိတယ်၊ တကယ်ကတော့ ဘိုဂါယီဗိုက ဆရာဝန် ရှုမီအန့်ဆဲဗ်နဲ့ ကျုပ်နဲ့ နှစ်ယောက်သားဟာ ဒီလို ခွဲစိတ်ကုသတဲ့နည်းနဲ့ လူအတော်များများရဲ့ အသက်ကို ကယ်ခဲ့ကြတာပဲ"

ဆရာဝန်သည် စကားပြောရင်းက သူ့လက်ချောင်းများကို အညောင်းပြေ ချိုးလိုက်ပြန်သည်။ သူ၏သန့်ရှင်းစင်ကြယ်နေသော လက်များမှာ သေးသွယ်လှ၏။ သို့သော် သန်မာပုံရလေသည်။ သူသည် စကားပြတ်သွားပြီးနောက် အတွေးထဲတွင် တစ်ဖန် နစ်မြုပ်၍ သွားပြန်ရာ အနည်းငယ်ကိုင်းနေသလိုလိုဖြစ်နေသော သူ့ခန္ဓာကိုယ်မှာ ပို၍ ကိုင်းလာသလို ထင်ရသည်။ နီညိုရောင်သမ်းနေသည့် မုတ်ဆိတ်မှာလည်း သူ့ရင်ပတ်တည့်တည့်တွင် နိမ့်တုံမြင့်တုံဖြစ်လာသည်။

နာတာလ်ယာမှာမူကား ဆရာဝန်အတွက် တကယ်ပင် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းနေမိ၏။ သို့ပါသော်လည်း အရပ်ရှည်ရှည်နှင့် ပညာရှိတစ်ဦးဖြစ်၍ သူ၏အထီးကျန်ဘဝကို မနှစ်မြို့က် မပျော်ပိုက်နိုင် သူဟူ၍ လူအများက ပြောနေကြသည်။ ဤဆရာဝန်ကား မည်သို့မည်ပုံ ကူညီနိုင်ပါအံ့နည်း။ ယခုအခါ၌ဆိုလျှင် သူသည် သူ၏အသည်းနှလုံး မြှုပ်နှံရာဖြစ်သော ဆေးပညာဘက်ဆိုင်ရာလုပ်ငန်းများကို အသီးအပွင့်များ ပိုမိုဝေဆာလာရလေအောင် ဆက်လက် ကြံဆောင်ကြိုးပမ်းနေသူတစ်ဦး မဟုတ်ပေလော။ သူမသည် သူမနှင့် ကျွမ်းဝင်ရင်းနှီးကြသူများက ဆရာဝန်သည် ခက်ထန်၍ စိတ်မြန်သူတစ်ဦးပင်ဖြစ်သော်လည်း စိတ်ကောင်းနှလုံးကောင်းရှိသူတစ်ဦးဖြစ်ကြောင်းဖြင့် မကြာခဏ ပြောသံကြားဖူးလေသည်။ သေလုမြောပါးအသည်းအသန် မမာမကျန်း ဖြစ်နေသည်ဟု ယူဆရသော လူမမာတစ်ယောက်အား အခြားဆရာဝန်များက လုံးဝလက်လျှော့လိုက်ကြသဖြင့် သူ့ထံသို့ ရောက်လာသည့်အခါတိုင်း

mgyoe.com

mgyoe.com


လူမမာနှင့်သူ ဘယ်သူက ပို၍ပျော်ရွှင်မြူးတူးနေကြသည်ကို ပြောပြရန် ခက်လှပေသည်။ သူ ကုသနေသော လူမမာတစ်ယောက် လူကောင်း ပကတိဖြစ်၍ ဆေးရုံမှ ဆင်းတော့မည်ဆိုလျှင် သူကိုယ်တိုင် လာရောက် နှုတ်ဆက်ပြီးနောက် သူ့လိပ်စာတပ်ထားသည့် စာအိတ်များကို တစ်ထပ်ကြီး ထိုးပေးကာ ကျန်းမာရေးအခြေအနေကို မကြာခဏ သူ့ထံ စာဖြင့်ရေး အကြောင်းကြားရန် မှာကြားလေ့ရှိသည်။

"ကျုပ်ရဲ့ ခွဲစိတ်ကုသမှုတွေဟာ တစ်ခါတလေ မအောင်မြင်ဘူး ဆိုတာ ကျုပ် ဝန်ခံပါတယ်" တစ်အောင့်လောက်ကြာမှ အိုဘဲလ်ယာနင်က ဆက်ပြောပြန်သည်။ "ဒါပေမယ့် ဒါကလည်း တစ်ခုခု အသစ်အဆန်းကို စူးစမ်းရှာဖွေတဲ့လူတိုင်း တွေ့တတ်ကြုံတတ်တာပါပဲ၊ သိပ္ပံဆရာကြီးမီလာတော့ဟာ အင်မတန် ထူးချွန်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ၊ သူလည်း ဒီလို အခက်အခဲတွေ တွေ့လာခဲ့ရပြီးမှ ယခုလို ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး ဖြစ်လာ ရတာပါပဲ။ ထရိုဖင် ချိကော့ဗ်ဟာ ဘာကို စိုးရိမ်နေတယ်ဆိုတာ ကျုပ် သိပါတယ်။ တကယ်လို့ ကျုပ်က တစ်ယောက်ယောက်ကို ခွဲစိတ်ကုသတဲ့ နေရာမှာ ဓားပါးကလေးကို အသုံးပြုပြီး ခွဲခဲ့လို့ အဲဒီလူနာမှာ တစ်ခုခု ဖြစ်သွားရင် ကျုပ်တို့ ဘာ့ကြောင့် ဒီလိုခွဲစိတ်ကုသခွင့် ပေးရသလဲလို့ သူ့အပေါ် တာဝန်ကျလာမှာ စိုးနေတာပါပဲ။ အဲဒီတော့ သူ့အတွက် အပြောအဆိုလွတ်အောင် ခရိုင်ပါတီကော်မတီ မိုလိုကိုရဲဒေါ့ဗ်ကို ကျုပ်ဟာ အရေခြုံဆရာဝန်ဆိုပြီး ပြောထားတယ်။ တိုင်းဆေးဌာနချုပ်ကိုလည်း ဒီအတိုင်း အကြောင်းကြားထားတယ်။ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနကိုတောင် လှမ်းပြီး ဒီအတိုင်း အစီရင်ခံလိုက်သေးတယ်။ သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ ရေများ ခမ်းခြောက်လုနီးနီးဖြစ်နေသော မြောင်းကလေး တစ်ခုကို ရောက်၍ ကျော်ဖြတ်လိုက်ကြသည်။ ဆရာဝန်မှာ မြောင်းကို ကျော်ရင်း ခြေချော်၍ လဲကျတော့မလိုဖြစ်သွားသည်။ သို့သော် နာတာလ်ယာကို တစ်ချက်မျှ လှည့်မကြည့်ဘဲ ဣန္ဒြေမပျက် ကိုယ်ဟန်ကို ထိန်းလိုက်သည်။ နာတာလ်ယာက ကျောက်တုံးကလေးများခင်းထားသည့် လမ်းပေါ်သို့ ဂရုတစိုက်နှင့် ဆင်းလိုက်လေသည်။ လမ်းပေါ်တွင် လေရှူး

mgyoe.com

mgyoe.com

ကလေးသည် တဟူးဟူးနှင့် ဖုန်များထအောင် တိုက်ခိုက်နေပေသည်။

"ဒီမှာကတော့ မကောင်းတော့ပါဘူး။ ကျုပ်တော့ သည်အရပ်က တခြားကို ထွက်သွားဖို့ပဲ စိတ်ကူးထားတယ်။ တခြားနေရာတွေ အများကြီး ရှိတာပဲ၊ လီနင်ဂရက်ဖြစ်ဖြစ်၊ ခါးကော့ဗ်ဖြစ်ဖြစ်သွားပြီး အဲဒီက ဆေးပေး ဌာနတစ်ခုခုဖြစ်စေ၊ ဓာတ်ခွဲခန်းတစ်ခုခုမှာဖြစ်စေ ဝင်လုပ်ဖို့ စီစဉ်ထား တာပဲ၊ တကယ်ကတော့ လူတစ်ယောက်အတွက် အောင်အောင်မြင်မြင်နဲ့ အလုပ် လုပ်နိုင်တဲ့နေရာတွေ အများကြီး ရှိပါတယ်"

အိုဘဲလ်ယာနင်သည် သူ့စိတ်ထဲရှိသမျှကို ပြောချရာ၌ အသက် မရှိသော ကြေးနန်းတိုင်ရှေ့မှာပင် ဖြစ်စေ၊ ဖုံးခြင်းကွယ်ခြင်းမရှိဘဲ ဟောခနဲ ဒိုင်းခနဲ ပြောတတ်သူတစ်ယောက် ဖြစ်၏။ ဤသည်ကို ရိပ်စားမိ သဖြင့်လည်း နာတာလ်ယာသည် ဘာတစ်ခွန်းမှပြန်မပြောဘဲ ငြိမ်ငြိမ် သက်သက်ပင် သူပြောသမျှ နားထောင်လာခဲ့ပေသည်။

သူတို့သည် သစ်သားတံတားလေးပေါ်မှ ဖြတ်ကျော်၍ လျှောက်ခဲ့ ကြပြန်သည်။ တံတားအောက်တွင်ကား ရေ ခပ်တိမ်တိမ်နှင့် ကြည်လင်စွာ စီးဆင်းနေသော စမ်းချောင်းကလေးကို တွေ့ရလေသည်။ မလှမ်းမကမ်းရှိ ဓာတ်အားပေးရုံ၏နောက်ဘက်တွင် ခပ်အိုအို ခပ်ညစ်ညစ် အိမ် တစ်ဆောင်ကို လှမ်းမြင်ကြရသည်။ ထိုအိမ်ဘေးတွင် ကပ်လျက် ဝက်သစ်ချ ပင်ကြီးတစ်ပင်ရှိရာ နှစ်ဟောင်းမှ ကြေးနီရောင်ပေါက်နေသည့် ရွက်ဟောင်း များမှာ အကိုင်းအခက်များပေါ်တွင် ညှိုးလျော်သောအသွင်ကို ဆောင်နေ ကြသည်ကိုတွေ့ရသည်။ မြင်တွေ့နေရသောအိမ်မှာ သစ်သားတစ်ထပ် အိမ်ဖြစ်၍ ပြတင်းပေါက်များမှာ လိမ္မော်ရောင်တရုတ်ကတ်များဖြင့် ကြက်ဥနှစ်ရောင်ခန်းဆီးများ တပ်ဆင်ထားလေသည်။ နာတာလ်ယာသည် ထိုအိမ်ဝင်းတံခါးဝတွင် ရပ်လိုက်သည်။

"ဩော်. . . ရောက်ပြီလား" ဟု အိုဘဲယာလ်နင်က မေးလိုက်ရာ

"ဟုတ်ကဲ့ရောက်ပါပြီ။ ကျွန်မ ဒီမှာပဲ ကျွန်မအစ်ကိုနဲ့နေပါတယ်"

ဆရာဝန်သည် ရုတ်တရက် ရှုံ့တိုးရှုန့်တန့်နှင့် ပြုံးလိုက်ရာ သူ့ အပြုံးမှာ မုတ်ဆိတ်များဖြင့် မသာမယာဖြစ်နေသော မျက်နှာပေါ်တွင် ပေါ်လွင်ထင်ရှားနေပေသည်။

mgyoe.com

mgyoe.com


"ကျုပ်ကိုတော့ ခွင့်လွှတ်ပါ နာတာလ်ယာ၊ ဆေးရုံနဲ့ ပတ်သက်ပြီး ကျုပ်ပြောတာတွေဟာ မင်းအတွက် စိတ်အနှောင့်အယှက်များ ဖြစ်နေမလား မသိဘူး၊ ကျုပ်မှာ ဒီနေ့ ညနေ ခက်ခက်ခဲခဲ ခွဲစိတ်ကုသစရာ တစ်ခုရှိနေတယ်၊ အဲဒါဟာ ကျုပ်ဆောင်းပါးအကြောင်း စဉ်းစားမိတာနဲ့ စိတ်တောင် တယ်မပါတော့ဘူး၊ ဒါနဲ့ပတ်သက်လို့ မင်း ဒုက္ခခံပြီး ဆောင်ရွက်ပေးတာကိုတော့ တကယ်ပဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီကိစ္စကတော့ ဒီလိုနဲ့ပဲ ပြီးမှာပါပဲလေ"

"ဒီလိုလည်း မဟုတ်သေးပါဘူး ဆရာ၊ ပြီးတော့လည်း" နာတာလ်ယာသည် ပြောလက်စ စကားကို အဆုံးမသတ်ရဲဘဲ ဖြစ်နေမိသည်။

"ပြီးတော့ ဘာဖြစ်သလဲ" ဟု အိုဘဲလ်ယာနင်က မေးလိုက်ရာ၊ သူ့အသံမှာ ညင်သာပျော့ပျောင်း၍ ယခင်က သူမ တွေ့ခဲ့ရသော ကြင်နာသည့် အရိပ်အရောင်ကလေးများပင်လျှင် သူ့မျက်လုံးများထဲတွင် တစ်ဖန်ပြန်၍ ပေါ်လာလေသည်။

"ပြီးတော့လည်း ဆရာဟာ ဒီအရပ်က ထွက်သွားဖို့ မလိုဘူးထင်တယ် ဆရာ"

"ဩ. . . ဒါကိုတော့ ဟုတ်ပါတယ်၊ ကျုပ်ကလည်း ဒီလိုသဘောကို မဆိုလိုသေးပါဘူး။ ကျုပ်ဟာ သူ့ရဲဘောနည်းတဲ့ လူတစ်ယောက် မဟုတ်ပါဘူး နာတာလ်ယာ. . . ကျုပ် ဒီအရပ်က ထွက်သွားတာကို ကြည့်ချင်မြင်ချင်ကြတဲ့လူတချို့ ရှိနေတယ်ဆိုတာ ကျုပ်သိပါတယ်။ ဒါပေမယ့် ဒီလူတွေဟာ သူတို့မျှော်လင့်သလို မြင်ကြတွေ့ကြရမှာ မဟုတ်ပါဘူး။ တကယ်ကတော့လည်း ဒီဒေသဟာ ကျုပ် အရပ်ဒေသပဲ၊ ကျုပ်အနေနဲ့ တတ်ကျွမ်းနားလည်ထားသလောက် သဘောတရားနဲ့ လက်တွေ့ပညာရပ်တွေကို ဒီအရပ်ကလူတွေအတွက် ဖြန့်ချိပေးဖို့ရာ ပြင်းနိုင်တဲ့အခွင့်အာဏာ မရှိပါဘူး၊ ဒါကြောင့်မို့လည်း ကျုပ်ဟာ ဒီလိုဆေးရုံကလေးမှာ ဝင်ပြီး အလုပ် လုပ်နေတာပေါ့၊ တကယ်လို့ ကျုပ်လုပ်နေတာတွေနဲ့ ပတ်သက်လို့ ခရိုင်ဆေးဌာနချုပ်က သဘောထားမပြောင်းဘဲ ဆက်ရှိနေမယ်၊ မိုဒန့်စ်မြို့ကလည်း အကူအညီမပေးဘဲ နေမယ်ဆိုရင်တော့ ကျုပ်ဟာ ဒီကိစ္စကို မော်စကိုအထိ တင်ပြရမှာပဲ. . . ကျုပ် အသက်ရှင်နေသမျှ ကာလပတ်လုံး

mgyoe.com